၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ စနေနေ့ (26-10-2013) (၇၆၄၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟိန်နဇ်ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဗားနား ဖေးမန်းန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ကပြဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအကအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဂီတလှည့်လည်ဖျော်ဖြေပွဲ တက်ရောက်အားပေး

နေပြည်တော် အောက်တိုဘာ ၂၅

တေးဂီတအသစ်များကို အတူတကွဖန်တီးခြင်းဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန်ယုံကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်လာစေရန်၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့တွင် စတင်ပေါက်ဖွားလာသည့် ရိုးရာတေးဂီတများ ပေါကြွယ်ဝစွာရှိနေခြင်းတို့ကို မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်(၄၀) ပြည့် အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဂီတလှည့်လည်ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

မုံရွာပရဟိတရောက် အမေရိကန်ခရီးသည်များ

မုံရွာ အောက်တိုဘာ ၂၅

အောက်တိုဘာ ၂၄ ရက်က အမေရိကန်ခရီးသွားများ မုံရွာမြို့ သလ္လာရပ်ကွက် ပေ (၈၀)လမ်းမှ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ (၇)ကြိမ်မြောက်အဖြစ် လာရောက်လေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဦးအောင်ကြီးက သတင်းပေးလာသည်။ အောက်တိုဘာလအတွင်း တတိယအကြိမ်လာရောက်ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံသူနိုင်ငံသား အသက်(၇၀)ကျော် ဘိုးဘွား ၂၂ ဦး လာရောက်ခြင်းဖြစ်သည်။ (ယာပုံ)အဆိုပါ အမေရိကန်နိုင်ငံသား ၂၂ ဦးနှင့်အတူ ပါလာသော ခရီးသွားလုပ်ငန်း စကားပြန်သုံးဦးထဲမှ ကိုမျိုးခန့် အား ခရီးစဉ်အကြောင်း မေးမြန်းဖြစ်ခဲ့သည်။

ကိုမျိုးခန့်(ပေါက္ကံသဘော်ခရီးသွားလာရေးကုမ္ပဏီ)

ကျွန်တော်တို့က မန္တလေး-ပုဂံ- မန္တလေးကို တာဝန်ယူပို့ဆောင်ပေးတာဖြစ်ပါတယ်။ ကုမ္ပဏီက Green Circle ပါ။ အခုအစီအစဉ်က အမေရိကန်ဘိုးဘွားတွေကို ပရဟိတခရီးစဉ်တစ်ခုအဖြစ် အဓိကထားပို့ပေးတာဖြစ်ပါတယ်။အမေရိကန်မှာရှိတဲ့ ခရီးသွားလုပ်ငန်းပိုင်ရှင်က

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

မျိုးဝင်းထွန်း (မုံရွာ)

ငြ ကြ း မုံ စ ရာ တ ည ်း ရှ ေ ထ ာ င ် ၂၆-၁၀-၂၀၁၃၊ စနေနေ့

စင်ကြယ်ကြည်လင်သည့်အသိအမြင်

စင်ကြယ်သည့် စိတ်များက အမှန်အသိများကို ဖြစ်စေပေသည်။

ကြည်လင်သည့် မျက်စိများက အမြင်မှန်များကို ရစေပေသည်။

နောက်ကျိသည့် စိတ်များက အသိမှားများကို ဖြစ်စေပေသည်။

ဝေဝါးသော မျက်လုံးများက အမြင်မှားများကို ပေါ်စေသည်။

ယင်းတို့သည် လောကအလိုအားဖြင့် မှန်ကန်သော အကြောင်းအကျိုးများဖြစ်ပြီး လောကီအလိုအားဖြင့်လည်း မှန်ကန်သည့် ပကတိအရှိတရားများ ဖြစ်ပါသည်။

လူတို့၏ အသိအမြင်များနှင့်ပတ်သက်၍ အမြင်မှန်၊ အမြင်မှား၊ အသိမှန်၊ အသိမှားများဖြစ်တတ်ကြပါသည်။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ စိတ်ကိုတည်ငြိမ်အောင်ထားပြီး ဖြူစင်သောနှလုံးသားနှင့် စူးရှသောအမြင်များဖြင့် ဆောင်ရွက်ပါက ထိရောက်သော အောင်မြင်မှုများကို မလွဲဧကန်အမှန်ရရှိမည် ဖြစ်ပါသည်။

သာဓကအားဖြင့် ဦးတည်ရာပစ်မှတ်တစ်ခုကို တိုက်ရိုက်ထိမှန်အောင် ပစ်ခတ်လိုပါက မိမိ၏စိတ်နှလုံးကို တည်ငြိမ်အောင်ထား၍ ရှင်းလင်းပြတ်သားပြီး ကြည်လင်သော မျက်စိဖြင့် စူးစိုက်ပစ်ခတ်ကြည့်ပါက ဗဟိုချက်သို့ တိုက်ရိုက်ထိမှန်သကဲ့သို့ ဖြစ်ပါသည်။

လူမှုဘဝနယ်ပယ်တို့တွင် မိမိတို့၏ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ကြရာ၌ ဦးစွာမိမိ၏စိတ်ကို စင်ကြယ်အောင်ဆောက်တည်ပြီး စတင်ဆောင်ရွက်ပါက မှန်ကန်သော လုပ်ဆောင်ချက်များ ရရှိလာမည်ဖြစ်ပါသည်။

ထိုလုပ်ငန်းကိုင်ငန်းများကို ဆောင်ရွက်နေစဉ်ကာလ၌လည်း မိမိတို့၏ မျက်စိအမြင်များကို ကြည်လင်အောင်ထားပြီး မိမိလုပ်ငန်းကို စူးစိုက်လုပ်ကိုင်နေပါက လုပ်ဆောင်ချက်တိုင်းတွင် မှန်ကန်သော လုပ်ဆောင်မှုများ ဖြစ်လာပေလိမ့်မည်။

ထိုသို့မဟုတ်မူဘဲ အလုပ်တစ်ခုကို နောက်ကျိသော စိတ်များဖြင့် ရှုပ်ရှုပ်ထွေးထွေးလုပ်ကိုင်နေမည်ဆိုပါက အလုပ်အမှန်ထက် လုပ်မှားကိုင်မှားဖြစ်နေပေလိမ့်မည်။ ထိုအခါ မိမိတို့၏စိတ်များမှာ စိတ်နှလုံးနောက်ကျိနေသဖြင့် ဝေဝါးသောအမြင်များဖြင့် အမှားအယွင်းများ ဖြစ်လာပေလိမ့်မည်။

မျက်မှောက်ကာလ လူမှုဘဝများ၌ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ကြရာတွင် ရှုပ်ထွေးပွေလီပြီး အခက်အခဲများရှိတတ်ကြသည်။ ထိုသို့သော အခြေအနေများကြုံတွေ့သည်ဖြစ်စေ၊ မကြုံတွေ့သည်ဖြစ်စေ မိမိတို့၏ စိတ်ကို စင်ကြယ်အောင် ဆောက်တည်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

မိမိတို့၏စိတ်ကို စင်ကြယ်အောင် ဆောက်တည်ထားနိုင်မှသာလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အားလုံးသောအမှုကိစ္စတို့အတွက် လျော်ကန်သင့်မြတ်ကောင်းမွန်မည်ဖြစ်သည်။

"စိတ်သည် အလုံးစုံသော ကောင်းခြင်းတို့ကို ဖြစ်စေနိုင်သည့် နာမ်ခန္ဓာ၏ ရှေ့ပြေးခေါင်းဆောင်ဖြစ်သည်။ စိတ်သာလျှင် အကြီးအမြတ်ဖြစ်၍ အရာရာကို စိတ်ကသာ စီမံပြုလုပ်နိုင်သည်။ ဖြူစင်သော စိတ်အမှုဖြင့် ပြုလုပ်မှသာ ကြည်လင်သောအမြင်များရမည်ဖြစ်သည်။

ဖြူစင်သော စိတ်အလိုဖြင့် ပြုမူပြောဆိုလုပ်ကိုင်ကြမှသာလျှင် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာခြင်းတို့သည် ပြုသူ၏နောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ အစဉ်လိုက်၍ ဘဝများစွာ ချမ်းသာ ကောင်းစား မြင့်မားခြင်းဟူသည့် ပီတိနိဗ္ဗာန်ထိတိုင် ရွက်ဆောင်နိုင်သည်"ဟု ဓမ္မပဒတွင်ပြဆိုထားသည်။

ထို့ကြောင့် အမျိုးကောင်းသားသမီးအပေါင်းတို့အနေဖြင့် မိမိတို့၏ လုပ်ငန်းကိုင်ငန်းများကို ဆောင်ရွက်ကြရာ၌ မှန်ကန်သော လုပ်ဆောင်မှု၊ အောင်မြင်သော ဆောင်ရွက်မှုများဖြစ်ပေါ်နိုင်စေရန်အတွက် မိမိတို့၏ စိတ်ကို ဖြူစင်အောင်ထားပြီး ကြည်လင်သော မျက်လုံးများဖြင့် မှန်ကန်သည်ထက်မှန်ကန်အောင်၊ တိုးတက်သည်ထက်တိုးတက်အောင်၊ အောင်မြင်သည်ထက်အောင်မြင်အောင်ကြိုးပမ်းရွက်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကိုရီးယားရုပ်ရှင်ပွဲတော် အဆိုတော် မင်းသားကင်မ်ဒေါင်ဝမ်နှင့် အကယ်ဒမီလူမင်းတို့ ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၅

ကိုရီးယားသမ္မတနိုင်ငံ ယဉ်ကျေးမှုကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန စီဂျေ ကိုရီးယားရုပ်ရှင်ကောင်စီတို့မှ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကြီးမှူးစီစဉ်သော (၈)ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်ဖွင့်ပွဲကို ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ အောက်တိုဘာ ၂၄ ရက် ညနေမှ စတင်ကျင်းပခဲ့ပြီး ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဧည့်ခံဖျော်ဖြေပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကိုရီးယား SHINHWA တေးဂီတအဖွဲ့ဝင် သရုပ်ဆောင် အဆိုတော်မင်းသားကင်မ်ဒေါင်ဝမ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ သက်မွန်မြင့်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ပုလဲဝင်း၊ စိုင်းစိုင်းခမ်းလှိုင်နှင့် မော်ဒယ်ဘွိုင်းထွန်းကိုကိုတို့ ဖဲကြိုးကိုင်ကာ ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းကိုရီးယားရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မော်ဒယ်အေဂျင်စီ တင်မိုးလွင်က ရုပ်ရှင်ပွဲတော်လာ အဆိုတော်မင်းသား မင်းသမီးများကို တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ပြီး အဆိုတော် မင်းသားကင်မ်ဒေါင်ဝမ်က "ကျွန်တော် မြန်မာနိုင်ငံကို မလာခင်က စိတ်ပူနေမိခဲ့ပေမယ့်လည်း ရန်ကုန်ကိုရောက်လာတော့လည်း စိတ်ထဲမှာ အေးချမ်းသွားခဲ့ပါတယ်။ ဒီတော့ ခဏခဏလာနိုင်အောင် ကြိုးစားပါ့မယ်။ ဒီမှာ အေးချမ်းတဲ့နေရာမှာ သွားအနားယူချင်ပါတယ်။ အားလုံးကိုချစ်တယ်။ ကျေးဇူးတင်ပါတယ်"ဟု ကိုရီးယားဘာသာစကားဖြင့် ပြောကြားသွားသည်။

ယခုနှစ် (၈)ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်တွင် တင်ဆက်ပြသမည့် ရုပ်ရှင်ဇာတ်ကားများမှာ JEAN WOOSHI၊ ရာဇဝင်နောက်ခံရုပ်ရှင်ဇာတ်လမ်း၊ YOU MUST GO On (မင်းဆက်သွားရမယ်)၊ The Client အက်ရှင်ကား၊ အမှုသည် မှုခင်းဇာတ်လမ်းနှင့် အက်ရှင်ဇာတ်ကားကောင်းလေးကားကို အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(အိုးဝေခင်မောင်ကွန့်)

စားသုံးသူရွေးချယ်မှုမြင့်လာခြင်းကြောင့် မွေးမြူရေးဝက်များ ဈေးကောင်းရလာ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်မြို့ရှိအသားဈေးကွက်တွင် မွေးမြူရေးဝက်သားမှာ ဈေးနှုန်းမြင့်ကာ မွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းသောအခြေအနေမျိုးရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်၏ ပြောကြားချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးဘက်မှ တစ်နိုင်တစ်ပိုင်မွေးသောဝက်များသည် ရန်ကုန်အသားဈေးကွက်တွင် တစ်ပိဿာ ကျပ် ၂၂၀၀ ဈေးသာရှိသော်လည်း မွေးမြူရေးဝက်များမှာ အကောင်လိုက်ဈေး တစ်ပိဿာလျှင် ကျပ် ၃၈၀၀ နှုန်း ရရှိလာခြင်း ဖြစ်သည်။

"မွေးမြူရေးဝက်က ကျွေးတဲ့အစာနဲ့ဆိုရင် အခုမွေးတဲ့သူတွေ တွက်ခြေကိုက်တယ်။ မွေးမြူရေးဝက်က အဆီနည်းတယ်။ အဆီများတဲ့အသားကို မစားဘဲ အဆီရှောင်လာတယ်။ စားသုံးသူရဲ့ ရွေးချယ်မှုမြင့်တက်လာတယ်လို့ သုံးသပ်ရတယ်" ဟု ၎င်းက ဆိုသည်။

ဝက်သားများသည် အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်တွင်လည်း ဈေးကွက်လိုအပ်ချက်ရှိသော အနေအထားမျိုးများရှိနေပြီး ပြည်တွင်းမွေးမြူရေးလောကဖွံ့ဖြိုးရန် ကြက်သားနှင့် ပတ်သက်သော Sector တစ်ခုတည်းသာမလုပ်ဘဲ အခြား Sector များ အပါအဝင် ဘက်စုံဖွံ့ဖြိုးရေး လုပ်ဆောင်သွားနိုင်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ (၆၈၀)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်	ရွှေဈေး	၆၈၉၂၀၀	-	၆၉၀၂၀၀
မန္တလေး	ရွှေဈေး	၆၈၉၀၀၀	-	၆၉၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	▪ ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	▪ ၁၃၄၀. ၂
(ဂ)	တရုတ်	တစ်ယွမ်	▪ ၁၅၉. ၈၂
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၂၀၄
(င)	မလေးရှား	တစ်ရင်းဂစ်	▪ ၃၀၈. ၂၃
(စ)	အိန္ဒိယ	တစ်ရူပီး	▪ ၁၅. ၈၀၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၉. ၃၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	▪ ၉၁. ၄၃၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၃၃. ၀၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	▪ ၇၈၅. ၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နှိုင်းယှဉ်လေ့လာခြင်း

ဦးသောင်းညွန့် (အမျိုးသားညီလာခံ)

ကျွန်တော်သည် တတ်ကျွမ်းသောဥပဒေပညာဖြင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ စတင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည်အထိ တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံများဖြင့် ထိရောက်စွာ လေ့လာခွင့်ရခဲ့သည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အမျိုးသားညီလာခံကျင်းပပြီး အခြေခံမူများ ရေးဆွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ ထို့ကြောင့် မိမိနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သော အခြေခံဥပဒေ(၃)ခုတို့ကို နှိုင်းယှဉ်ပြသရန် ဆန္ဒဖြစ်ပေါ်လာသည်။ အကြောင်းမူကား အခြေခံဥပဒေကို အများပြည်သူတို့ ခြုံငုံလေ့လာမိစေလို၍ ဖြစ်သည်။ မပျောက်ပျက်ကောင်းသော သမိုင်းမှတ်တမ်းအဖြစ်ကိုလည်း မှတ်တမ်းတင်လိုခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဥပဒေရေးရာစကားဝိုင်းအဖြစ် ရုပ်မြင်သံကြား အစီအစဉ်များမှတစ်ဆင့် အများပြည်သူ အကျိုးကို ရှေးရှု၍ ကျွန်တော်တင်ပြခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်းဟုဆိုလျှင် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၊ ထို့နောက် နယ်ချဲ့ကိုလိုနီခေတ်ကို ဖြတ်သန်းပြီး လွတ်လပ်ရေးသမိုင်းကြောင်းနှင့်ယှဉ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမွေးဖွားလာသည့် သမိုင်းကို သိသင့်ပေသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့တွင် ဖဆပလ ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်အရ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ယာယီအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၈-၁၁-၁၉၄၆ ရက်တွင် ယင်းအစိုးရအဖွဲ့က အရေးကြီးသော ကြေညာချက်တစ်စောင် ထုတ်ပြန်ရာ "ဗြိတိသျှအစိုးရက မြန်မာပြည်လွတ်လပ်ရေးကို ကြေညာရန်နှင့် မကြေညာက အစိုးရတစ်ဖွဲ့လုံးနုတ်ထွက်မည်" ဟူ၍ဖြစ်သည်။ ဗြိတိသျှအစိုးရလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဘိလပ်သို့ ဖိတ်ခေါ်၍ **အောင်ဆန်းအက်တလီစာချုပ်** ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ်အပိုဒ် ၁ အရ ရွေးကောက်ပွဲများကျင်းပပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကို တည်ထောင်ခဲ့သည်။ ရေးဆွဲထားသော **ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ**ကို ပါလီမန်သို့မတင်သွင်းမီ ၁၉-၅-၁၉၄၇ ရက်တွင် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော ဂျူဗလီဟောညီလာခံကြီး ကျင်းပ၍ တင်ပြခဲ့သည်။ ယင်းဂျူဗလီဟော ပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သောမိန့်ခွန်းမှ အခြေခံဥပဒေပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်းသော စိတ်ဝင်စားဖွယ်ရာအချို့ကို ရွေးနုတ်၍ တင်ပြလိုပါသည်။ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးမည့် အခြေခံဥပဒေတစ်ရပ် စတင်မွေးဖွားလာခြင်း နိဒါန်းဖြစ်၍ တင်ပြလိုက်ရပါသည်။

"ရဲဘော်တို့-

ယခုလို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ပြဿနာတွေ၊ အထူးသဖြင့် ကျွန်ဘဝကနေပြီး သခင်နိုင်ငံဘဝသို့ လက်ငင်းတက်လှမ်းနိုင်အောင် စီစဉ်ရမယ့် ပြဿနာတွေကို ဆွေးနွေးတိုင်ပင်နှီးနှောရအောင်ဆိုပြီး ကျွန်တော်တို့တစ်ခါ တွေ့ဆုံစည်းဝေးကြရတယ်ဆိုတာ အင်မတန်ကောင်းတာပဲ။ ခင်ဗျားတို့ ဒီရောက်လာတာ သိတဲ့အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော် ရွေးပြေးပဏာမ ပြင်ဆင်မှုညီလာခံကို လာတက်တဲ့ကိုယ်စားလှယ်တွေအဖြစ်နဲ့ ရောက်လာကြတာပဲ။

x x x x x x x x x x x x"

လုံးဝလွတ်လပ်ရေးသာလိုချင်တယ်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

သမ္မတနိုင်ငံထူထောင်မယ်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

ရှင်ဘုရင်အုပ်စိုးတဲ့စနစ်မလိုချင်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

ဒီမိုကရေစီဝါဒအစစ်ကိုသာ ဖန်တီးမယ်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

ဒီမိုကရေစီဆိုတာဘာလဲ။

အဲဒီလိုစနစ်မျိုးနဲ့ သမ္မတအစိုးရမျိုးမှသာ ကျုပ်တို့တိုင်းသူပြည်သားတွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာပဲ။ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာမဟုတ်ဘူး။ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြားတာတွေလည်းအများကြီးပဲ။ ဒါဖြင့်ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်မရှိသမျှကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီလို ဒီမိုကရေစီအဆင့်အတန်းရောက်အောင် ဘယ်လိုအခြေခံတွေချရမလဲ။

ဒီမိုကရေစီအခြေခံများ

၁။ အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်းလုပ်ငန်းတွေကို အစိုးရသိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်။

၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ အိုနာစာ အရေး အစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

၃။ လယ်လုပ်တဲ့လူတွေရဲ့လက်ထဲ လယ်ရောက်အောင်စီစဉ်နိုင်ရမယ်။ လယ်အမြောက်အမြားကို တသီးပုဂ္ဂလ ပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

၄။ လူမျိုးအသီးသီးဟာလည်း သူတို့ရထိုက်တဲ့ အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။

၅။ တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

၆။ လူမျိုးဘာသာ လိင်မရွေး တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့အခွင့်အရေးတွေပါရမယ်။

၇။ တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်။ အခုကျွန်ဘဝမှာလို ရှေးကလို အပျော်တမ်းရဲအဖွဲ့ အစရှိတဲ့ အခုပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့ အဖွဲ့မျိုးတွေကို တသီးတခြားတည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

၈။ တိုင်းပြည်ဥပဒေတရားရုံးစနစ်ဟာလည်း ပြည်သူတွေရဲ့အကျိုးရှေးရှုမယ့် ပြည်သူ့တရားရုံးစနစ်မျိုး ဖြစ်ရမယ်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

လူများစုအာဏာပိုင်အုပ်ချုပ်ရေး

ဒီမိုကရေစီသစ်အရလုပ်မယ့်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူ ပြည်သားလူများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်။ သူတို့ ရွေးကောက်လိုက်တဲ့ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။

x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

ဤသည်ကား မြန်မာနိုင်ငံ၏ဒီမိုကရေစီ ရောင်ခြည်သန်းခါစ လွတ်လပ်ရေးကြိုးပမ်းဆဲ ကာလတွင် လွတ်လပ်ရေးသူခမိန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် မိန့်ကြားခဲ့သည့် သမိုင်းဝင်မိန့်ခွန်း ဖြစ်ပေသည်။

နိုင်ငံတော်သည် ပြည်တွင်းအကွဲအပြဲများ၊ မငြိမ်းချမ်းမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထို့နောက်တွင်ကား အများသိပြီးဖြစ်သည့် ၁၉၈၈ ခုနှစ် အရေးအခင်းပေါ်ပေါက်မှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရပ်ဆိုင်းသွားခဲ့သည်။ ထို့နောက် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် ဆုံးဖြတ်ချက်အရ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံစတင်ကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ ထို့နောက်တွင်ကား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် လွှတ်တော်အသီးသီးနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့သစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်လေ့လာမှတ်သားထားခဲ့သော မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ယခင်က ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်နှင့် လက်ရှိကျင့်သုံးနေသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့ကို နှိုင်းယှဉ်၍ အောက်တွင် ဆက်လက်တင်ပြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ကြရန် သို့မဟုတ် အခြားရည်ရွယ်ဆောင်ရွက်လိုမှုများ ရှိနေသည်ကိုလည်း တွေ့ရပါသည်။ မည်သို့ပင်ဆိုစေကာမူ ပကတိအခြေအနေများကို လေ့လာနိုင်ခြင်းအားဖြင့် သမိုင်းနှင့်ယှဉ်တွဲနေသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည့်စုံစွာ သိရှိနားလည်ခြင်းဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် အထောက်အကူပြုနိုင်စေရန် တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

စဉ်	(၁)၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂)၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃)၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
၁	၁၉၄၇ခုနှစ်တွင် (၁၉၄၈ ခုနှစ် ဇန်နဝါရီလလွတ်လပ်ရေးအမီ) အပူတပြင်း ရေးဆွဲခဲ့ရသည်။	၁၉၇၁ မှ ၁၉၇၃ ခုနှစ် အထိ သုံးနှစ်ခန့် ပြည်သူထံ အကြံဉာဏ်ယူ၊ ပြည်သူထံ ချပြ ရေးဆွဲခဲ့သည်။	၁၉၉၃ မှ ၁၉၉၆ အထိ အလွှာအသီးအသီးမှ ကိုယ်စားလှယ် ၇၀၂ ဦး၊ ၂၀၀၄ မှ ၂၀၀၇ အထိ ကိုယ်စားလှယ် ၁၀၈၀ ကျော်တို့က အချိန်ယူ ဆွေးနွေး ညှိနှိုင်းကြပြီး ချမှတ်သောမူများကို အခြေခံ၍ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က အခြေခံဥပဒေအဖြစ် ရေးဆွဲသည်။	၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် အပူတပြင်းရေးဆွဲရသဖြင့် ချို့ယွင်းချက်၊ အားနည်းချက်များ ရှိခဲ့သည်။
၂	အခြေခံဥပဒေ(မူကြမ်း)ကိုရေးဆွဲရေးကော်မရှင်၊ ဖဆပလနှင့် ပါလီမန်က အတည်ပြုသည်။	ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုသည်။	၂၀၀၈ ခုနှစ်၊ မေလ(၁၀) ရက်နှင့် (၂၄)ရက်တို့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၈၂၇)ဦး အနက်ဆန္ဒမဲပေးသူဦးရေ (၂၆၇၇၆၆၇၅) ဦး (၉၈. ၁၂) ရာခိုင်နှုန်းက ဆန္ဒမဲ ပေးခဲ့ကြပြီး ထောက်ခံ ဆန္ဒမဲပေးသူ (၂၄၇၆၄၁၂၄)ဦး (၉၂. ၄၈)ရာခိုင်နှုန်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို (၂၉-၅-၂၀၀၈)ရက်တွင် အတည်ပြုပါသည်။	၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေများသည် လူထုက ဆန္ဒပေး အတည်ပြုသော အခြေခံဥပဒေများ ဖြစ်သည်။
၃	အခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၇၅ ဦးတို့က ရေးဆွဲသည်။ (အိန္ဒိယမှ ဥပဒေပညာရှင်ခြောက်ဦးကို ဖိတ်ခေါ်အကြံတောင်းသည်။)	အခြေခံဥပဒေရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ၉၇ ဦးတို့က ရေးဆွဲသည်။ (ပြည်သူလူထုထံ အကြံဉာဏ်သုံးခါတောင်းသည်။)	အခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ ဦးသည် အထက်အပိုဒ်(၁)ပါ အမျိုးသားညီလာခံကိုယ်စားလှယ်များက ချမှတ်ပေးသောမူများကို အခြေခံပြီး ရေးဆွဲသည်။	မူချရာ၊ ရေးဆွဲရာ၌ ၂၀၀၈ ခုနှစ် အခြေခံဥပဒေက ပြည်သူ့ကိုယ်စားလှယ်များ ပိုမိုပါဝင်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

စဉ်	(၁)၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂)၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃)၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
၄	ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံး၍ ပါလီမန် ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံး၍ ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	အမျိုးသား အကျိုးစီးပွားကို အလေးဂရုပြုသော အမျိုးသားနိုင်ငံရေးစနစ် ကျင့်သုံး၍ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	နိုင်ငံတွင် ပေါ်ထွန်းခဲ့သော အခြေခံဥပဒေသုံးခုစလုံးသည် ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေးစနစ်အပေါ် အခြေခံ၍ တစ်ခုနှင့်တစ်ခု နိုင်ငံရေး အနှစ်သာရချင်းမတူ ကွဲပြားသည်။
၅	ပါတီစုံစနစ် ကျင့်သုံးကြောင်း အခြေခံဥပဒေ၌ ဖော်ပြခြင်းမရှိသော်လည်း ပါတီစုံစနစ် လက်ခံခဲ့သည်။	ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသော ပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ဖော်ပြကာ တစ်ပါတီစနစ် ပြဋ္ဌာန်းကျင့်သုံးသည်။	နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်သည်။	-၁၉၄၇ အခြေခံဥပဒေ၌ ပါတီစုံစနစ်ကို တရားဝင်မပြဋ္ဌာန်းဘဲ ပါတီစုံဖွဲ့စည်းလှုပ်ရှားမှုခွင့်ပြုခဲ့ရသည်။ ပါတီများစနစ်တကျ ဖွဲ့စည်းမှတ်ပုံတင်ခြင်းမရှိခဲ့။ -၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာမူ ပါတီစုံလက်မခံ၊ တစ်ပါတီစနစ်ကိုသာ ပြဋ္ဌာန်းခဲ့သည်။ -၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ကျင့်သုံးရန် ပါရှိသည်။ -ပါတီများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ချက်ထားရမည်။ -နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရန် တာဝန်ရှိသည်။ -ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။ -နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။ -ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်၊ ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ -ပါတီများရှောင်ရမည့်စည်းကမ်းများပါရှိသည်။
၆	-ပါလီမန် ဒီမိုကရေစီပုံစံအတိုင်း အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော (၁) ဥပဒေပြုရေး(၂)အုပ်ချုပ်ရေး၊ (၃) တရားစီရင်ရေးအာဏာများကို ရွေးကောက်ပွဲ၌ အမတ်နေရာအများစုအနိုင်ရရှိသော ပါတီခေါင်းဆောင်က ဆုပ်ကိုင်ထားသည်။ -အာဏာရပါတီခေါင်းဆောင်က ဝန်ကြီးချုပ်လုပ်ပြီး အုပ်ချုပ်သည်။ အာဏာရပါတီ၏ အမတ်ဦးရေက အများဆုံးဖြစ်၍ ဝန်ကြီးချုပ်ပြဋ္ဌာန်းလိုသော ဥပဒေများသာ ပြဋ္ဌာန်းပြီး အတိုက်အခံတို့ တင်သွင်းသော ဥပဒေကြမ်းကို အမတ်(မဲ)နှင့် ပယ်ချလေ့ရှိသည်။ -ဝန်ကြီးချုပ်က ထိုအာဏာများကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ဒေါင်လိုက် (Division of Powers) ဖြစ်သည်။ - တစ်ဦးတည်း (အာဏာရပါတီခေါင်းဆောင် ဝန်ကြီးချုပ်)က အာဏာအားလုံးချုပ်ကိုင်သည်။ အာဏာရဝန်ကြီးချုပ်က အာဏာသုံးရပ်စလုံး နိုင်နင်းစွာ မကိုင်နိုင်ခဲ့၍ ပါလီမန်ဒီမိုကရေစီစနစ်တွင်အစိုးရတည်မြဲခိုင်ခံ့မှု အားနည်းသည်။	-ဆိုရှယ်လစ် ဒီမိုကရေစီပုံစံအတိုင်း အချုပ်အခြာအာဏာသုံးရပ်ကို အစိုးရ၊ လွှတ်တော်နှင့် တရားရုံးချုပ်တို့က တာဝန်ယူရသော်လည်း ဦးဆောင်ပါတီ(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)၏ ဦးဆောင်ညွှန်ကြားသည့် အတိုင်းလိုက်နာ ဆောင်ရွက်ရသည်။ -ပါတီက တာဝန်ပေးသော သမ္မတသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့ကိုဦးဆောင်သည်။ တရားစီရင်ရေးကို ကြီးကြပ် ကွပ်ကဲသည်။ သမ္မတအထက်တွင် ပါတီရှိသည်။ -သမ္မတက အာဏာ(လုပ်ပိုင်ခွင့်)များကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ ဒေါင်လိုက် (Division of Powers)ဖြစ်သည်။ -တစ်ပါတီတည်း(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) က အာဏာအားလုံး ချုပ်ကိုင်ဦးဆောင် လမ်းညွှန်သည်။ ပါတီလုပ်ငန်းစစ်ဆေးရေးနှင့် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ပါတီညီလာခံတို့က ထိန်းသိမ်းနိုင်စွမ်းရှိသည်။	-ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပုံစံအတိုင်း အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားပြီး ခွဲဝေအပ်နှင်းသည်။ -ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆ ပါ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်ဟု ပြဋ္ဌာန်းချက်အရ သမ္မတက အုပ်ချုပ်ရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားစီရင်ရေးကို လုံးဝတာဝန်ယူတာဝန်ခံရသည်။ -အာဏာ(၃)ရပ်ကို (၃) ဌာနသို့အလျားလိုက်ပိုင်းခြားပေးအပ်ပြီးမှ အထက်အောက် ဒေါင်လိုက် ခွဲဝေအပ်နှင်းစေသည်။ (Separation of Powers+ Division of powers) - သမ္မတ၊ လွှတ်တော်၊ တရားလွှတ်တော်ချုပ်(၃)ဦး(၃)ဖလှယ်က အာဏာတစ်ရပ်စီ တာဝန်ယူကာ အာဏာ(၃)ရပ်စလုံးအတွက် အပြန်အလှန် ထိန်းကျောင်းသောစနစ် (Check and counter check or check and Balance) ပုံစံဖြင့် ထိန်းသည်။	- တစ်ဦးတည်းက အချုပ်အခြာအာဏာအားလုံးကို ချုပ်ကိုင်ရာ၌ ပါတီစုံအမည်ခံသော်လည်း တစ်ပါတီအာဏာရှင်စနစ်၊ တစ်ဦးတည်း အာဏာရှင်စနစ်ဘက် ရွေ့ရှုသွားတတ်သည်။ (အာဏာယစ်မူးခြင်း) အာဏာတည်မြဲရန် မမှန်မကန်လုပ်ခြင်းများရှိလာတတ်သည်။ -တစ်ပါတီတည်းက ဦးဆောင်ခြင်းဖြင့် အရည်အချင်းနှင့် စေတနာပြည့်ဝမှန်ကန်သော ပါတီဖြစ်လျှင် နိုင်ငံအကျိုးပြုလုပ်ငန်းများသွက်လက်ထက်မြက်စွာ လုပ်ပေးနိုင်သော်လည်း ပါတီညံ့လျှင်၊ လူညံ့လျှင်၊ နိုင်ငံပိုမို ထိခိုက်အကျိုးယုတ်စေသည့်အပြင် တစ်ပါတီအာဏာရှင်စနစ်သို့ ဦးတည်သွားတတ်သည်။ -အချုပ်အခြာအာဏာကို (၃)ပိုင်းပိုင်းခြား၍ (၃)ဖွဲ့အား တာဝန်မျှပေးခြင်း၊ အပြန်အလှန်ထိန်းကျောင်းသောစနစ်သည် အာဏာရှင်စနစ်နှင့် လုံးဝခြားနားသွားသည်။ ပိုမိုသွက်လက် ထက်မြက်မှန်ကန်စေသည်။
၇	ပြည်ထောင်စုနိုင်ငံအဖြစ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်းတို့ဖြင့် ဖွဲ့စည်းသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ခန့်အထိ ရှမ်းစော်ဘွားများ၊ ကယားစောဖျာများ၊ ကချင်ဒူးဝါးများ၏ ပဒေသရာဇ်စနစ် ရှိနေခဲ့သည်။ ဗဟိုချုပ်ကိုင်မှုများလွန်း၍ တစ်ပြည်ထောင်စနစ်ဆန်သည်ဟု တိုင်းရင်းသား နိုင်ငံရေးသမားအချို့က ဝေဖန်ခဲ့သည်။	ပြည်ထောင်စုအဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်နယ်ခုနစ်ခု၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းခုနစ်တိုင်းဖြင့် ဖွဲ့စည်းသည်။	ပြည်ထောင်စုအဖြစ်ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်နယ်ခုနစ်ခု၊ ယင်းပြည်နယ်များနှင့် အဆင့်တူ တိုင်းဒေသကြီးခုနစ်ခုဖြစ်သည့် စစ်ကိုင်း၊တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်ထောင်စုနယ်မြေတို့ဖြင့် ဖွဲ့စည်းသည်။ (၁) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (၂)ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည်လည်း ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။	
၈	အခန်း(၁၀)ပုဒ်မ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆ တို့တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်းတွင် အခွင့်အရေးရှိသည်ဟု ဖော်ပြပါရှိသည်။	ပြည်ထောင်စုမှခွဲထွက်ခွင့် ပေးမထား။ (ခွဲမထွက်ရ ဟူသော အခြေခံမူလည်း မပါရှိပေ။)	ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူများ၏ ပုဒ်မ ၁၀ တွင် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှခွဲမထွက်ရ"ဟုပြဋ္ဌာန်းထားသည်။	၁၉၄၇ အခြေခံဥပဒေအခန်း(၁၀) မှ ခွဲထွက်ခွင့်မူများအရ ၁၉၆၂ ခုမတ်လတွင် ဖက်ဒရယ်လှုပ်ရှားမှုဖြင့် ပြည်ထောင်စုမှခွဲထွက်ကာ ကွဲအက်ရေးလှုပ်ရှားလာခဲ့၍ တပ်မတော်က ကာကွယ်ခဲ့ရသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် ဦးတည်ချက် ၆ ရပ်အရ၊ နိုင်ငံတော်တည်ဆောက်ပုံ အခြေခံမူအရ ခွဲထွက်ခြင်းကို တားမြစ်ထားသဖြင့် ပြည်ထောင်စု မပြိုကွဲရေး အာမခံချက်ပါရှိပြီး ဖြစ်သည်။
၉	နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အကြီးအကဲဖြစ်သော်လည်း ဝန်ကြီးချုပ်က အုပ်ချုပ်ရေး (အစိုးရအဖွဲ့) အကြီးအကဲအဖြစ် အာဏာသုံးရပ်စလုံး ဆုပ်ကိုင်ထားရာ သမ္မတသည် ဂုဏ်ထူးဆောင်(ရုပ်ပြ) အဆင့်တွင်သာရှိသည်။	နိုင်ငံတော်သမ္မတသည် ဦးဆောင်ပါတီတွင်လည်း အကြီးအကဲ(ဥက္ကဋ္ဌ) ဖြစ်လျှင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာမှာ အမြင့်ဆုံးဖြစ်သည်။ အာဏာသုံးရပ်စလုံးဆုပ်ကိုင်နိုင်သည်။ သမ္မတသည် ပါတီဥက္ကဋ္ဌ မဟုတ်သည့်တိုင် ၁၉၄၇ အခြေခံ ဥပဒေခေတ် သမ္မတထက် လုပ်ပိုင်ခွင့် ပိုရှိသည်။	ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၉၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်ဟုပြဋ္ဌာန်းချက်အရ နိုင်ငံတော် သမ္မတသည် အုပ်ချုပ်ရေး အာဏာပိုင်ဖြစ်ပြီး နိုင်ငံတော် အကြီးအကဲ၊ နိုင်ငံတော်၏ အထွတ်အထိပ်လည်းဖြစ်သည်။	၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် အာဏာသုံးရပ်ပိုင်းခြားပေးပြီး အပြန်အလှန်ထိန်းကျောင်းသော စနစ်အရ အုပ်ချုပ်ရေးတာဝန်ခံသမ္မတ၊ ဥပဒေပြုရေးတာဝန်ခံပြည်ထောင်စုလွှတ်တော်၊ တရားစီရင်ရေးတာဝန်ခံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် အာဏာရှင်သုံးယောက်ဖြစ်မလာနိုင်၊ တစ်ဦးတည်း အာဏာရှင်စနစ်ကိုလည်းတားမြစ်ပြီးဖြစ်သည်။ သမ္မတဦးဆောင်သောပြည်ထောင်စု အစိုးရထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း သက်ဆိုင်ရာဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့ထားရှိခြင်းဖြင့် ပြည်ထောင်စုစနစ် ပီပြင်မှုရှိသည်။
၁၀	အပိုင်း(၄)၊ပါလီမန် အာဏာများအောက် ပုဒ်မ ၉၀ တွင် "ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စုနိုင်ငံတွင် ဥပဒေပြုနိုင်သော အာဏာသည် ပါလီမန်၌သာ တည်ရှိရမည်"ဟု ဖော်ပြထားသည်။အခန်း ၉ တွင် ပြည်နယ် ကောင်စီသည် ဥပဒေပြုခွင့်ရှိသောဥပဒေကြမ်းကို အတည်ပြုပြီး သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရန် ပေးပို့ရမည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အရ အခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် သမ္မတက လက်မှတ်ရေးထိုးရမည်ဟု ဖော်ပြထားသည်။	အခြေခံမူများအခန်းတွင် "ပြည်သူ့လွှတ်တော်သည် ဥပဒေပြုအာဏာရပ်ကို မိမိကိုယ်တိုင်သာ သုံးစွဲ၍ စီမံခန့်ခွဲမှုအာဏာရပ်နှင့် တရားစီရင်မှုအာဏာရပ်တို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ခွဲဝေအပ်နှင်း၍ သုံးစွဲခွင့်ပြုသည်"ဟု ဖော်ပြထားသည်။	ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲရာ၌ အခြေခံရန် အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သော အခြေခံမူများအရ "ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) တွင် နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်"ဟု ပြဋ္ဌာန်းထားသည်။	၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် ဥပဒေပြုမှုအာဏာကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ပါဝင်သည့် ပြည်ထောင်စုလွှတ်တော် တစ်ခုတည်းကသာမက ပြည်နယ်လွှတ်တော် ၇ ခု၊ တိုင်းဒေသကြီးလွှတ်တော် ၇ ခုတို့ကလည်း ဥပဒေပြုခွင့်များရကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ၆ ခုတွင်လည်း အခြေခံဥပဒေက သတ်မှတ်ပေးထားသော ဥပဒေပြုရေးအာဏာခွဲဝေအပ်နှင်းထားသဖြင့် တိုင်းရင်းသားပြည်သူတို့ ဥပဒေပြုခွင့်အာဏာ ပိုမိုပါဝင်ကျင့်သုံးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော်ရှိသော ပြည်ထောင်စုဖြစ်၍ ဒေသအလိုက် တိုင်းရင်းသားစုံ ပြည်သူများအချုပ်အခြာအာဏာကို ကိုယ်တိုင်ကျယ်ပြန့်စွာ ကိုင်တွယ်အသုံးပြုနိုင်၍ ဒီမိုကရေစီပုံစံကျသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

စဉ်	(၁)၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂)၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃)၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
၁၁	လူမျိုးစု လွှတ်တော်၊ ပြည်သူ့ လွှတ်တော် နှစ်ရပ်ရှိသည်။ ယင်းလွှတ်တော်နှစ်ရပ် ပူးတွဲကျင်းပသော ပါလီမန်လွှတ်တော် အစည်းအဝေးသည် ဥပဒေပြုခွင့်အာဏာကို အမြင့်ဆုံး ကျင့်သုံးသည်။	ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ ရှိသည်။ ဦးဆောင်ပါတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့လွှတ်တော် တစ်ခုတည်းကသာ ဥပဒေပြုသည်။	အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ယင်းလွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော် ၇ ခု၊ တိုင်းဒေသကြီး လွှတ်တော် ၇ ခုတို့ကလည်း ခွဲဝေအပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ဥပဒေပြုမည်။	ပြည်ထောင်စု၏ ဥပဒေပြုခွင့်အာဏာကို ဗဟိုတွင်သာ အပ်နှင်းထားခြင်းမဟုတ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုပါ ခွဲဝေအပ်နှင်းထားသည်။
၁၂	အခြေခံဥပဒေပုဒ်မ ၈၇ ၏ နောက်ဆက်တွဲ ဇယား(ဒုတိယဇယား) တွင် "လူမျိုးစုလွှတ်တော် အမတ်နေရာ ၁၂၅ နေရာရှိသည့်အနက် (က) နှစ်ဆယ့်ငါးနေရာကို ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ခ) တစ်ဆယ့်နှစ်နေရာကို ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဂ) ရှစ်နေရာကို ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဃ) သုံးနေရာကို ကယားပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (င) တစ်ဆယ့်ငါး နေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (စ) ခြောက်ဆယ့်နှစ်နေရာကို ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်" ဟု ဖော်ပြထားသည်။ ပြည်သူ့လွှတ်တော် အမတ်များကိုမူ မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက မဲပေးရွေးချယ်ရသည်။	ပြည်သူ့လွှတ်တော်တစ်ရပ်တည်းသာရှိ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ရွေးချယ်သတ်မှတ်ပေးပြီးမှ (ပြိုင်ဘက်မရှိ) ရွေးကောက်ပွဲဝင်အရွေးခံကြရသည်။ (မဲဆန္ဒနယ်အချို့၌ ပါတီမှ ကိုယ်စားလှယ်ကို ယှဉ်ပြိုင်အရွေးခံမှုရှိသော်လည်း မဲပေး အရွေးခံရသည့် အဆင့်အထိ မရောက်ခဲ့ပေ။)	- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ် ၄၄၀ ဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ မဲဆန္ဒဖြင့် ရွေးကောက်ခံရသူ ၃၃၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တင်သွင်းသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ တို့ ပါဝင်မည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်အရ အမျိုးသားလွှတ်တော်တွင် ကျန်ကိုယ်စားလှယ် ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုစီမှ ၁၂ ဦးကျစီ ရွေး ကောက် သည့် ကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ ပါဝင်မည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်/တိုင်းဒေသကြီးများတွင် တိုင်း၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသား လူမျိုးမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေ၏ သုညဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာမှ သတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုးတစ်မျိုး တစ်ဦးကျစီ ရွေးကောက်သည့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များလည်း ပါဝင်မည်။	- ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပိုမိုကျယ်ပြန့်စွာပါဝင်လျက် အချုပ်အခြာအာဏာရပ်ကို ကျင့်သုံးနိုင်ကြရမည်။ - ၁၉၄၇ နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများတွင် အမတ်လောင်းများကို အာဏာရပါတီ (ဖဆပလ နှင့် လမ်းစဉ်ပါတီ)တို့က ရွေးချယ်သတ်မှတ်ပေးခဲ့သည်။ - ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း)ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသဖြင့် (Non elective seats) ခန့်အပ်တာဝန်ပေးသော လွှတ်တော်ကိုယ်စားလှယ်များဟု ဆိုကြသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းသောင်းကျန်းမှုကြောင့် ၁၉၄၈-၄၉ ခုနှစ်များက တစ်ကြိမ်၊ အာဏာရ ဖဆပလအဖွဲ့ချုပ်အတွင်း အစိတ်စိတ်အမြွှာမြွှာကွဲကြပြီး အာဏာလုလက်နက်စုကြဖြင့် သွေးချောင်းစီးလုနီး ၁၉၅၈-၅၉ ခုနှစ်များက တစ်ကြိမ်၊ ရှမ်းပြည်နယ်ဖက်ဒရယ်မူလှုပ်ရှားမှုဖြင့် ပြည်ထောင်စုကြီး ပြိုကွဲလုဆဲဆဲ ၁၉၆၂ ခုနှစ်က တစ်ကြိမ်၊ တိုင်းဆူ ပြည်ဖျက်ဆူပူမှုဖြင့် မင်းမဲ့စရိုက်လွှမ်းမိုးလာကာ ပြည်ပအင်အားကြီးနိုင်ငံတစ်ခုမှ ရေတပ်စစ်သင်္ဘောငါးစင်း မြန်မာ့ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့်အတွက် နိုင်ငံပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးလုဆဲဆဲ ၁၉၈၈ ခုနှစ်က တစ်ကြိမ် တပ်မတော်က နိုင်ငံကို ဝင်ရောက်ထိန်းသိမ်း ကာကွယ်ပေးခဲ့ရသဖြင့် နောင်တွင် အလားတူအခြေအနေမျိုး ထပ်မံမကြုံရအောင် တပ်မတော် ကိုယ်စားလှယ်များက လွှတ်တော်များ၌ ပါဝင်တင်ပြဆွေးနွေး၊ အကြံပြု၊ တိုက်တွန်းတားမြစ်ခွင့်ရှိစေသင့်ပါသည်။ အမှန်စင်စစ်တပ်မတော်သားကိုယ်စားလှယ် လေးပုံတစ်ပုံသည် ဒီမိုကရေစီပုံစံအရ တပ်မတော်သားမဟုတ်သည့် ကိုယ်စားလှယ် လေးပုံသုံးပုံကို အရေအတွက်(မဲဆန္ဒ)အရ မကျော်လွှားနိုင်ပေ။ တပ်မတော်က နိုင်ငံ၏ ကျရောက်လာနိုင်သော အန္တရာယ်ထောက်ပြလာလျှင် ကျန်ကိုယ်စားလှယ်များအနက် နိုင်ငံအကျိုးကို အမျိုးသားရေး အမြင်ရှိသူအားလုံး သို့မဟုတ် လေးပုံသုံးပုံ၏ ထက်ဝက်နီးပါးက ထောက်ခံလျှင် နိုင်ငံ၌ မဖြစ်တန်သည်များ မဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်သည်။ ယနေ့တပ်မတော်၏အနေအထားသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်းကို လိုလားနေသောအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ လက်ရှိ နိုင်ငံတော်၏ အခြေအနေမှာ ဥပဒေပြုအဖွဲ့အစည်းဖြစ်သော လွှတ်တော်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သင့် သည်၊ သို့သော် ယင်းသို့ ပါဝင်ခြင်းသည် တစ်ချိန်လုံး ပါဝင်မည်မဟုတ်၊

စဉ်	(၁)၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂)၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃)၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
				- မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအများအပြားမှပါလီမန်(လွှတ်တော်)ကဲ့သို့ ဥပဒေပြုအဖွဲ့များတွင် မဲဆန္ဒရှင်လူထုက မဲပေးမရွေးဘဲ ခန့်အပ်တာဝန်ပေးသော အမတ်များ ရှိနေသည်။ ယင်းတို့အနက် အောက်ပါ နိုင်ငံအချို့ကို လေ့လာတွေ့ရှိရပါသည်- ဗြိတိန်အထက်လွှတ်တော် (House of Lords) အမတ် ၆၅၉ ဦးစလုံးကို ဘုရင်မက ခန့်သည်။ ကနေဒါ အထက်လွှတ်တော် အမတ်အားလုံးကို ဘုရင်ခံချုပ်က ခန့်သည်။ အယ်လ်ဂျီးရီးယား အထက်လွှတ်တော်အမတ် ၁၄၄ ဦးရှိရာ ၄၈ ဦးမှာ သမ္မတက ခန့်၍ ကျန် ၉၆ ဦးကို မြူနီစီပယ်ကောင်စီက ရွေးသည်။ ဘာရိန်းနိုင်ငံ အထက်လွှတ်တော် အမတ်နေရာ ၄၀ စလုံးကို ဘုရင်က ခန့်သည်။ ဘူတန်နိုင်ငံအမျိုးသားလွှတ်တော် အမတ် ၁၅၀ အနက် ၅၀ ကိုဘုရင်က ခန့်သည်။ အိန္ဒိယအထက်လွှတ်တော်တွင် သမ္မတခန့် အမတ် ၁၂ ဦး၊ အောက်လွှတ်တော်တွင် အင်္ဂလိပ်-အိန္ဒိယ ကပြားထဲမှခန့်သော အမတ် ၂ ဦး ပါဝင်သည်။ ဖီဂျီနိုင်ငံအထက်လွှတ်တော်အမတ် ၃၂ဦးရှိရာ လူမျိုးစုအကြီးအကဲများက အဆိုပြုသူ ၁၄ ဦး၊ ဝန်ကြီးချုပ်က အဆိုပြုသူ ၉ ဦး၊ အတိုက်အခံက အဆိုပြုသူ ၈ ဦးနှင့် Rotuma ကျွန်းအတွက် သမ္မတခန့်သော အမတ် ၁ ဦးတို့ ပါဝင်သည်။ အိုင်ယာလန်အထက်လွှတ်တော် အမတ် ၆၀ အနက် ၁၁ ဦးကို ဝန်ကြီးချုပ်က ခန့်အပ်သည်။ ဂျော်ဒန်ဆီးနိတ်လွှတ်တော်အမတ် ၄၀ စလုံးကို ဘုရင်က ခန့်ပြီး အောက်လွှတ်တော်က အတည်ပြုရသည်။ မော်ရိုကို အထက်လွှတ်တော် အမတ်(၂၇၀)ဦး၏ ၆၀ ရာနှုန်းကို ဒေသကောင်စီများက ရွေးပြီး ကျန် ၄၀ ရာနှုန်းကို စီးပွားရေးနှင့် အလုပ်သမားအဖွဲ့အစည်းများက ရွေးသည်။ ရိုမေးနီးယားအောက်လွှတ်တော် အမတ်(၃၄၆)နေရာအနက် (၁၉) နေရာကို လူမျိုးစုအတွက် သီးသန့်သတ်မှတ်ပေးထားသည်။ စပိန်အထက်လွှတ်တော်၌ တိုက်ရိုက်ရွေးချယ်သည့် အမတ် (၂၀၈) နေရာ၊ ဒေသကိုယ်စားပြု အမတ်(၄၇)နေရာပါဝင်သည်။ တွန်ကို လွှတ်တော်၌ ဘုရင်ခန့်အမတ်(၁၁)ဦး၊ လူမျိုးစုခေါင်းဆောင်များရွေးခန့်သူ (၉)ဦး၊ တိုက်ရိုက်ရွေးခန့်သူ (၉)ဦးပါရှိသည်။ အာရပ်စော်ဘွားပြည်ထောင်စု (UAE)တွင် ပြည်ထောင်စု အမျိုးသားကောင်စီခေါ် အကြံပေးအဖွဲ့ဝင် (၄၀)ဦးစလုံးကို ခန့်အပ်သည်။ ဇင်ဘာဘွေ၌ အမတ် (၁၅၀) ရှိရာ (၁၂)ဦးကို သမ္မတက ခန့်သည်။ အင်ဒိုနီးရှားတွင် ၂၀၀၄ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ် (၅၀၀)အနက် (၃၈)ဦးမှာ တပ်မတော်မှ ဖြစ်သည်။ -ကမ္ဘာ့နိုင်ငံအများအပြားအနက် ပြည်သူ၏ဆန္ဒမဲဖြင့် ရွေးချယ်ခြင်းမပြုဘဲ တိုက်ရိုက်တာဝန်ပေးခန့်ထားသော နိုင်ငံအချို့ကို ဖော်ပြခြင်းဖြစ်သည်။ ယင်းနိုင်ငံများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံများပါဝင်သည်ကို တွေ့မြင်နိုင်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

စဉ်	(၁)၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂)၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃)၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
				-မြန်မာနိုင်ငံ လွှတ်တော်များတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပါဝင်မှုသည် လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်အခြေအနေအရ ဖြစ်သည်။ အမြဲတစေပါဝင်နေမည်မဟုတ်။
၁၃	တိုင်းရင်းသား အရင်းရှင်၊ မြေရှင်ကို ပစားပေးသော အရင်းရှင်စီးပွားရေးပုံစံဖြစ်သော်လည်း နိုင်ငံခြားသား အရင်းရှင်တို့ လွှမ်းမိုးနိုင်ခဲ့သော စီးပွားရေးပုံစံဖြစ်သည်။ ပုဒ်မ ၂၃ တွင် စီးပွားရေးကိစ္စများ၌ ပစ္စည်း ပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်တီထွင်ခွင့်၊ နိုင်ငံစီးပွားရေး ပျက်ပြားအောင် လုပ်သောအဖွဲ့များ၊ ကာတဲ၊ ဆင်ဒီကိတ်ထရပ်စ် စသောလက်ဝါးကြီးအုပ်အဖွဲ့များမရှိရ။ ပြည်သူ့အကျိုးအတွက် လိုအပ်လျှင် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ် ချုပ်ချယ်ခြင်း၊ သိမ်းပိုက်ခြင်းပြုနိုင်သည်။ လိုအပ်လျှင် စီးပွားရေးလုပ်ငန်းများပြည်သူပိုင်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။	အခြေခံမူများတွင် “နိုင်ငံတော်စီးပွားရေးစနစ်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်သည်”ဟု ဖော်ပြထားသည်။ “နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို ပြည်သူပိုင်မလုပ်နိုင်သေးသည်ကို သမဝါယမ ပိုင်လုပ်ရသည်”၊ “နိုင်ငံတော်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်သော တိုင်းရင်းသားပုဂ္ဂလိကပိုင်ဆိုင်လုပ်ကိုင်မှုကို ခွင့်ပြုနိုင်သည်” ဟူ၍လည်း စီးပွားရေးမူဝါဒများ ချမှတ်ပေးခဲ့သည်။	ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အခန်း(၁) နိုင်ငံတော် အခြေခံမူများတွင် စီးပွားရေးနှင့် စပ်လျဉ်း၍- (က) ပုဒ်မ ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်။ (ခ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က) တွင် နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။ (ဂ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)၌ နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေလက်ဝါးကြီးအုပ် ဆောင်ရွက်မှုသို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။ (ဃ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဂ)၌ နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေ အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်။ (င) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဃ)၌ နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။ (စ) ပုဒ်မ ၃၆၊ပုဒ်မခွဲ(င)၌ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်း မပြုဟု မူချပြီး ဖြစ်သည်။	-၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်မကျ၊ အရင်းရှင်စနစ်မကျသော စီးပွားရေးပုံစံချခဲ့ရာ ဆိုရှယ်လစ်လည်းဖြစ်မလာ၊ အရင်းရှင်လည်းဖြစ်မလာ၊ ပြည်သူအများစုဆင်းရဲ၍ နိုင်ငံခြားသား အရင်းရှင်များသာ ကောင်းစားခဲ့သည်။ -၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ချပေးခဲ့သော်လည်း လက်တွေ့အကောင်အထည် ဖော်ရာ၌ အကြောင်းကြောင်းကြောင့် တိုးတက်မှုမရရှိနိုင်ခဲ့ပေ။ -၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော လွတ်လပ်ကျယ်ပြန့်သည့် ဈေးကွက် စီးပွားရေးစနစ်ချမှတ်ပေးခြင်း၊ နိုင်ငံတွင်းမှ တိုင်းရင်းသားစီးပွားရေးအင်အားစုများကို ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်းခြင်း၊ နိုင်ငံသုံး ငွေကြေးများကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု အာမခံကာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအား ယုံကြည်မှုရှိစေခြင်းဖြင့် နိုင်ငံစီးပွားတိုးတက်ရေး ရှေးရှုသော အမျိုးသားစီးပွားရေး ပုံစံအဖြစ် ရှုမြင်နိုင်သည်။
၁၄	အပိုင်း(၄) ပါလီမန်၏ အာဏာများ အခန်း ပုဒ်မ ၉၄ တွင် “(၁) စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်းဆူပူမှုကြောင့် ဖြစ်စေ ပြည်ထောင်စုနိုင်ငံ၏ တည်တံ့မှုကို အန္တရာယ် ဖြစ်စေအံ့သော အထူးအရေးတကြီးအခြေအနေဖြစ်ပေါ်နေပြီဟု လည်းကောင်း၊ ပြည်ထောင်စုကို ထိခိုက်နေသော စီးပွားရေးအရေးတကြီး အခြေအနေသည် ပြည်ထောင်စု နိုင်ငံ၏ တစ်စိတ် တစ်ဒေသ၌ ပေါ်ပေါက်နေပြီဟူ၍ သော်လည်းကောင်း နိုင်ငံတော်သမ္မတက (ဤအခြေခံ ဥပဒေတွင် အရေးတကြီး ကြေညာချက်ဟု ညွှန်းထားသော) ကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့သော ပုဒ်မ ၉၂ တွင် မည်သို့ပင်ဆိုထားစေကာမူ ပြည်နယ်ဥပဒေပြုစာရင်းတွင် သီးခြားရေတွက် ဖော်ပြထားသော ကိစ္စတစ်ခု နှင့် စပ်လျဉ်း၍ ပြည်နယ်တစ်နယ်၌ သော်လည်းကောင်း၊ ပြည်နယ် တစ်စိတ် တစ်ဒေသအတွက်သော် လည်းကောင်း ဥပဒေများကို ပြုရန် ပါလီမန်တွင် အာဏာရှိရမည်” ဟု ဖော်ပြထားသည်။ အရေးပေါ်ကာလပြဋ္ဌာန်းချက်ပင်ဖြစ်သည်။	အရေးပေါ်ကာလနှင့် ပတ်သက်၍ “နိုင်ငံတော်ကောင်စီသည် နိုင်ငံတစ်ဝန်းလုံး၌ အရေးပေါ် အခြေအနေ ပေါ်ပေါက်နေလျှင် အရေးပေါ် အခြေအနေကို ကြေညာ၍ ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပရမည်။ ယင်းအစည်းအဝေးသို့ အစည်းအဝေး ထမြောက်ရေး အတွက် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ မတက်ရောက်နိုင်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည်- (၁)နိုင်ငံတော် ကောင်စီဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူလုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့ စုပေါင်း၍ ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။ (၂) ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပရန် အခြေအနေပေးလျှင်ပေးချင်း ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပကာ ပြည်သူ့လွှတ်တော်၏ ကိုယ်စား ဆောင်ရွက်ချက်များကို တင်ပြ၍ အတည်ပြုချက်ယူရမည်” ဟု ဖော်ပြပါရှိသည်။	ပုဒ်မ ၄၁၀ မှ ပုဒ်မ ၄၃၂ ထိ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူ (၂၃)ရပ်ချမှတ်ပြီး ဖြစ်သည်။ အရေးပေါ် အခြေအနေကို နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာ တည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။ ယင်းကြေညာချက်၌ အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။ လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသ၌ နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည်၊ ရပ်ဆိုင်းနိုင်သည်။ ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက်ယူရမည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူဆောင်ရွက်ခြင်း၊ အားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းအရေးရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာ တည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံး ဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိ ဖြစ် ကြောင်း ဖော်ပြရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ ပြန်ရောက်စေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများ လွှဲအပ်ကြောင်း ကြေညာရမည်ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားသော တာဝန်ကျေပွန်အောင် ဆောင်ရွက်ပြီးသောအခါ နိုင်ငံတော်သမ္မတထံ အာဏာရပ်များ ပြန်လည်ပေးအပ်ရမည် စသည်ဖြင့် အရေးပေါ်အခြေအနေကို ကျော်လွန်သည် အထိ တပ်မတော်ကို တာဝန်လွှဲအပ်ပြီး အခြေအနေတည် ငြိမ် သည် နှင့် နိုင်ငံတော် သမ္မတက မူလတာဝန် ပြန်လည်ထမ်းဆောင်မည် ဖြစ်သည်။	၁၉၄၇ နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများတွင် အရေးပေါ် အခြေအနေကြုံသည့်အခါ ဆောင်ရွက်ရမည့်မူများပါရှိသော်လည်း ယင်းမူများ၏ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ အာဏာပိုင်များ၏ ဖြေရှင်းဆောင်ရွက်မှု နှေးကွေးခြင်း၊ မထက်မြက်ခြင်း၊ ဆုံးဖြတ်လုပ်ဆောင်ပုံ မှားယွင်းခြင်းတို့ကြောင့် ၁၉၄၈-၄၉ (ရန်ကုန် မြောက်ပိုင်းအစိုးရဟု ခေါ်တွင်သောကာလ)၊ ၁၉၅၈-၅၉ (ဖဆပလအကွဲကြောင့် လူသူလက်နက် စုကြသည့် ခက်ဖွယ်ရယ်ကြုံလက်နက်ကယ်စုံစွာညီနဲ့ကာလ)၊ ၁၉၆၂ (ဖက်ဒရယ် ရှစ်ပြည်နယ်မူ လှုပ်ရှားမှုကြောင့် ပြည်ထောင်စုကြီး အစိတ်စိတ်ကွဲမည့်ကာလ)၊ ၁၉၈၈ (ဥပဒေစိုးမိုးမှုပျက်ပြား၊ အစိုးရလုပ်ငန်းများ မဆောင်ရွက်နိုင်အောင် တိုင်းဆူပြည်ဖျက် ဆူပူမှုကာလ) တို့တွင် တပ်မတော်က နိုင်ငံနှင့် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ၁၉၄၈-၄၉ တွင် တပ်မတော်က သောင်းကျန်းမှုဖြိုခွဲပြီး ဖဆပလ အစိုးရအား အာဏာဆက်လက်တည်မြဲစေခဲ့သည်။ ၁၉၅၈-၅၉-၁၉၆၀ ပြည့်နှစ်များတွင် တပ်မတော် (အိမ်စောင့်အစိုးရက) အာဏာရဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတာဝန်ဝင်ယူရပြီး တည်ငြိမ်အေးချမ်းလုံခြုံမှုကို အလေးထားဆောင်ရွက်ကာ လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။ အနိုင်ရသော သန့်ရှင်းဖဆပလ (ပထစ) အစိုးရလက် နိုင်ငံပြန်လွှဲပေးခဲ့သည်။ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်အရေးပေါ်ပြဿနာများ (ဖက်ဒရယ်မူ လှုပ်ရှားမှုနှင့် ၁၉၈၈ ခုနှစ် ဆူပူမှုများ)ကြောင့် တပ်မတော်က နိုင်ငံမပြိုကွဲအောင် အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတာဝန် ဝင်ယူခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ခိုင်မာသောအခြေခံဥပဒေမူများအရ၊ နိုင်ငံတော်သမ္မတ၏ တာဝန်ပေးအပ်ချက်အရသာ အရေးပေါ်အခြေအနေကြုံလျှင် တပ်မတော်က အချိန်ကာလသတ်မှတ်ချက်ဖြင့် ဝင်ရောက်ဖြေရှင်းတာဝန်ယူပြီး နိုင်ငံတော်သမ္မတထံ နိုင်ငံတာဝန်များ ပြန်လည်လွှဲအပ်ရန် ပြည့်စုံသောမူများ ပါရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ	မှတ်ချက်
၁၅	တည့်မတ်သော ကြားနေရေးဟူသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ပုဒ်မ ၂၁၁ - ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စစ်မက်ကို နိုင်ငံတော်ဝါဒ၏ လက်နက်သဖွယ် အသုံးမပြုစွန့်ပယ်သည်။ ထို့ပြင် နိုင်ငံခြားနှင့် ဆက်ဆံရာ၌ ပြည်ထောင်အချင်းချင်း ဥပဒေ၏ သဘောတရားများကို ကျင့်စဉ်များအဖြစ် လိုက်နာလက်ခံသည်။ ပုဒ်မ ၂၁၂- ပြည်ထောင်စု မြန်မာနိုင်ငံသည် ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို လည်းကောင်း၊ နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆောင်ရွက်ရေးကို လည်းကောင်း ရှေးရှုမည်ဟူ၍ ခိုင်မြဲသော အဓိဋ္ဌာန်ကို ပြုသည်။	“နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို အစဉ်မပြတ် ကျင့်သုံး၍ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်” ဟူ၍ ကြားနေ၊ဘက်မလိုက် နိုင်ငံခြားရေး မူဝါဒကို လွတ်လပ်စွာ ကျင့်သုံးကြောင်း ဖော်ပြခဲ့သည်။	နိုင်ငံခြားရေးဝါဒနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ်- (က) ပုဒ်မ ၄၁ တွင် နိုင်ငံတော်သည် လွတ်လပ် တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး ဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံ အချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူများကို စောင့်ထိန်းသည်။ (ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က)တွင်နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု။ (ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တွင် နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူ၍ ပြဋ္ဌာန်းထားသည်။	နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ ရေးဆွဲကျင့်သုံးသော အခြေခံဥပဒေတိုင်းမှာပင် ဘက်မလိုက်နိုင်ငံခြားရေး မူဝါဒ၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ ဆက်ဆံရေးမူဝါဒကို ခံယူကျင့်သုံးကြောင်း တွေ့နိုင်သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ရေးဆွဲရမည့် အခြေခံဥပဒေတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အတိအလင်း ပြဋ္ဌာန်းကျင့်သုံးကြသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် မြန်မာက မည်သည့်နိုင်ငံကိုမှ စတင်မကျူးကျော်၊ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု မူချထားခြင်းဖြင့် မြန်မာ့နိုင်ငံခြားရေးမူဝါဒကို ပိုင်နိုင်ခိုင်မာ အဓိပ္ပာယ်ပြည့်ဝစေပေသည်။
၁၆	နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်နှင့် ပတ်သက်၍ ပုဒ်မ ၂၃ ခု ပါဝင် ပြဋ္ဌာန်းသည်။	နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်နှင့် ပတ်သက်၍ ပုဒ်မ ၂၆ ခု ပါဝင်ပြဋ္ဌာန်းသည်။	နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၌ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပုဒ်မ ၃၄၅ မှ ပုဒ်မ ၃၉၀ ထိ ပုဒ်မပေါင်း (၄၆) ခု ပြဋ္ဌာန်းထားသည်။	၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့်ပြည့်စုံစွာ ပါရှိသည်။
၁၇	လွှတ်တော်နှစ်ရပ် ပူးတွဲညီလာခံ၌ အမတ်အားလုံး၏ သုံးပုံ နှစ်ပုံ ထောက်ခံမဲဖြင့် အခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။ ပြည်နယ်ဥပဒေပြုစာရင်း၊ ပြည်နယ်အခွန်တော်စာရင်း၊ ပါလီမန် အက်ဥပဒေပါ အမတ်အရည်အချင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို လွှတ်တော်နှစ်ရပ်၏ အမတ်များရာမဲဖြင့် ပြင်နိုင်သည်။	နိုင်ငံတော်အခန်း၊ အခြေခံမူများအခန်း၊ နိုင်ငံ တည်ဆောက်ဖွဲ့စည်းမှုအခန်း၊ ပြည်သူ့လွှတ်တော်အခန်း၊ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းတို့မှ ပုဒ်မများစွာကို အမတ် သုံးပုံနှစ်ပုံ သဘောတူပြီး ပြည်လုံးကျွတ် ဆန္ဒခံယူကာ မဲပေးသူ ထက်ဝက်ကျော် ထောက်ခံမှ ပြင်နိုင်သည်။ ကျန်အခြေခံမူများကို ကိုယ်စားလှယ် ၇၅ ရာနှုန်း ဆန္ဒမဲဖြင့် ပြင်နိုင်သည်။	ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်၊ သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ တစ်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှ အပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။	၁၉၄၇ ခုနှစ် အခြေခံဥပဒေ၌ အရေးပါသောမူများကို ကိုယ်စားလှယ် သုံးပုံနှစ်ပုံ(၆၇ ရာနှုန်း)ဖြင့် ပြင်နိုင်၍ လွယ်ကူစွာ ပြင်နိုင်သည်။ အခြေခံမူကြီးများ လွယ်လွယ်ပြင်နိုင်၍ နိုင်ငံပြိုကွဲမှုအန္တရာယ်နှင့် ကြုံကြိုက်ခဲ့ရသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေတို့တွင် ကိုယ်စားလှယ် ၇၅ ရာနှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်သာ ပြင်နိုင်၍ အရေးပါသောမူများ လုံခြုံစိတ်ချနိုင်သည်။

ဝန်ထမ်းအိမ်ရာများအား ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ဝန်ထမ်းများနေထိုင်သည့် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာ၌ သန့်ရှင်းသပ်ရပ်မှု၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား လုံခြုံရေးသတိရှိရန်၊ စည်းကမ်း စနစ်တကျနေထိုင်ရန်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသွားရန်တို့ကို စစ်ဆေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MNL Cup တွင် ဗိုလ်စွဲခဲ့သော ကမ္ဘောဇအသင်းအား ဂုဏ်ပြု

သတင်း - စိုင်းညီလေး
ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်ညပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ အောင်ပွဲရကမ္ဘောဇ

အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကမ္ဘောဇဘောလုံးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်လတ်နှင့် CEO ဦးဝင်းမြင့်ဦးတို့က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ဆုဖလားအပ်နှံသည်။(ဓာတ်ပုံ) ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုက်စစ်မှူး စိုးမင်းဦးက ကျေးဇူးတင်စကားပြောကြားသည်။ ကမ္ဘောဇအသင်းမှာ ၂၀၁၃ MNL Cup ပြိုင်ပွဲတွင် ရှုံးပွဲမရှိ ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ပြီး MNL ပြိုင်ပွဲသက်တမ်းတစ်လျှောက် ပထမ ဆုံးဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ဆီးဂိမ်းကြိုဆိုလမ်းလျှောက်သူ ပေါင်မြို့သို့ ရောက်ရှိ

ပေါင် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် မြန်မာအသင်းအောင်နိုင်ရေးအတွက် လှုံ့ဆော်ရေးနှင့်ဆီးဂိမ်းအားကစားပွဲတော်ကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ပြားရပ်နေ ဦးအောင်သူ(၄၅)နှစ်သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ဘုရင့်နောင်အငူ(ဝိတိုရိယ)မှ အစပြု၍ လွန်ခဲ့သော အောက်တိုဘာ ၁ ရက်တွင် (၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပွဲကျင်းပမည့် နေပြည်တော်သို့ ဒုတိယအကြိမ်တစ်ကိုယ်တော် ခြေကျင်ခရီးအဖြစ် စတင်ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် ပေါင်မြို့သို့ ရောက်ရှိခဲ့သည်။ ဦးအောင် သူအား ပေါင်မြို့မှအားကစားကိုမြတ်နိုးသော မြို့ခံလူထု နှင့်သတင်းမီဒီယာအဖွဲ့များက အောင်သပြေပန်းများ ကမ်း၍ ပန်းကုံးစွပ်ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ဒုတိယအကြိမ် ခြေကျင်ခရီးတွင် ဦးအောင်သူ အနေဖြင့် လမ်းခရီး၌ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ခြေကျင်ဖြတ်သန်းဝင်ရောက်သွားရန် ရှိသည့်အတွက် ခရီးစတင်ထွက်ခွာခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ (၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပြိုင်ပွဲကျင်းပမည့် နေပြည်တော်သို့ရောက်ရှိရန် ၅၄ ရက်ခန့်ကြာမြင့်နိုင်ကြောင်း ဦးအောင်သူက ပေါင်မြို့တွင်သတင်းမီဒီယာအဖွဲ့သို့ ပြောကြားသွားခဲ့သည်ဟု သိရသည်။ (၅၆၅)

ငါးရှဉ့်ပြည်ပဝယ်ဈေးကျသော်လည်း ပန်းပန်လျက်ရှိနေဟုဆို

ရန်ကုန် အောက်တိုဘာ ၂၅

ငါးရှဉ့်များပြည်ပဈေးကွက် တင်ပို့ရာတွင် ဝယ်ယူသည့်ဈေးနှုန်းများ ကျဆင်းသော်လည်း လက်ရှိအခြေအနေတွင်အခြေအနေကောင်းသည်ဟုဆိုနိုင်ကြောင်း မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံမှ ငါးရှဉ့်ကို တရုတ်ဈေးကွက်အတွင်းသို့ အများဆုံးတင်ပို့နေပြီးဈေးကွက်အတွင်းတွင်လည်း ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်တို့မှ တင်ပို့လာသော ငါးရှဉ့်များနှင့် ဈေးကွက်ဝေစုလုရသော အခြေအနေမျိုးဖြစ်နေကြောင်း ငါးရှဉ့်ကုန်သည်များထံမှသိရသည်။ “အခုငါးရှဉ့်ဈေးက အရင်ကာလတွေနဲ့ ယှဉ်ရင် ကျသွားပေမယ့် နိုင်ငံခြားငွေရှာဖွေရရှိမှု Target အနေအထားကိုကျော်လွန်ထားပြီးပြီ၊ ဒါကြောင့် ငါးရှဉ့်က ပန်းပန်လျက်ပါပဲ” ဟု အသင်းဥက္ကဋ္ဌ ဦးဘသော်က ပြောသည်။ (၆၈၀)

အေးသာယာမြို့သစ်ရှိ ရွှေတောင်တန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သွားရောက်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၅

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရှိ ရွှေတောင်တန်းပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ကြည့်ရှုသည်။

အဆိုပါကျောင်းတိုက်တွင် ဆရာ ဆရာမ ၃၀၊ ကျောင်းသား ကျောင်းသူ ၁၁၀၉ ဦးရှိကြောင်း၊ ၎င်းကျောင်းသား ကျောင်းသူများထဲတွင် ကျောင်းအိပ် ကျောင်းစား ၂၆၀ ရှိကြောင်း သိရှိရသည်။

အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီးဒေါ်ခင်မလေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဆန်းလွင်တို့သည် ဟိုပုံးမြို့နယ်ရှိ မွေ့စမ်းဂူသို့ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး မွေ့စမ်းဂူအနီး မွေ့စမ်းရွှေတိဂုံစေတီတော်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၂၄ ရက်နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျောက်ဖျာ-ဘုတ်ခြံ၊ ပုလောလမ်းခွဲ၊ ဘုတ်ခြံ-မဇောပြင်ကြီးလမ်းခွဲနှင့် ပုလော-သမုတ်လမ်းခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာချင်းဆက်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးမှာကြားကာ ပုလောမြို့နယ် ကမ်းရိုးတန်းရတနာခန်းမ၌လည်းကောင်း၊ ပလောက်မြို့နယ်ခွဲနှင့် ပဲဒက်ကျေးရွာတို့၌ လည်းကောင်း ရွာသူရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးသည်။

ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ထောင်စုနှစ်ရည်မှန်းချက်တစ်ခုဖြစ်သည့် ကျေးလက်ဒေသဆင်းရဲမှုရာခိုင်နှုန်း ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းထိ လျှော့နည်းကျဆင်းရေး၊ အမျိုးသားအဆင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမူဘောင်များချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် "ငါးပွက်ရာငါးစာချ" လိုမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားကာ သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၉၁ ရွာမှဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဦးစားပေးအဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျေးရွာလူထုနှင့် တွေ့ဆုံပြီး လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအား Home System စနစ်ဖြင့် ဆိုလာမီးရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး အိမ်တိုင်းစေ့ လျှပ်မြန်စွာမီးအလင်းရရှိသွားမည့်အခြေအနေကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမလုပ်ငန်းစဉ်များအောင်မြင်ရေး မူဝါဒများအတိုင်းပြောင်းလဲကျင့်သုံး

နေပြည်တော် အောက်တိုဘာ ၂၅

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၂၄ ရက်နံနက် ၉ နာရီတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၌ ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်သမဝါယမသင်တန်း(အရာရှိ) အမှတ်စဉ် (၂/၂၀၁၃)သို့သွားရောက်ပြီး အတိတ်က သမဝါယမလုပ်ငန်းများ၏ အားသာ အားနည်းချက်များအပေါ် သင်ခန်းစာယူ၍ ဆောင်ရွက်သွားကြရန် သမဝါယမလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် **လူပုဂ္ဂိုလ်ရေးသည် သာမည၊ သမဝါယမအောင်မြင်ရေးသည် အဓိက** ဟူသောမူဝါဒနှင့် **သမဝါယမမူဝါဒကိုအခြေခံ၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့လုပ်ဆောင်၊ "စံ" နှုန်းဖြင့်ထိန်း**မူဝါဒများအတိုင်း အလေးဂရုပြုပြောင်းလဲကျင့်သုံးသွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၁၀-၂၀၁၃ (စနေနေ့)

(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ အဓိတ်နေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	"သဘာဝတရားတို့ဖြစ်တည်ရာ နာဂစ်ကြာလိုက်ဂူတော်မဟာ"
၉း၅၀	သုတရောင်စုံပန်းခင်း
၁၁း၃၅	ချစ်စရာအရွယ်ကစားကြမယ်
၁၂း၂၅	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၃း၄၀	နားဝင်ပီယံသူ့လက်သံ"စောင်း"
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရသစာပေအရေး အသားအထူးပြု) (ရသစာပေအရေးအသား)
၄း၅၀	"မြန်မာ့ယဉ်ကျေးမှုအကအလှများ"
၅း၂၅	ယဉ်မှုဟန်ပန်သူ့ဆိုဟန် "ပေဒါလမ်း"
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၈း၅၀	ကြယ်ပွင့်များရဲ့အထင်ကရဇာတ်ကားများ

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ရွာနေမည်

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အတင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ရွာနေမည်။





၂၃-၁၀-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ အချပ်ပို(ဃ)ပါ MODERN HOUSE FURNITURE ပရိဘောဂပစ္စည်းများ တည်ခင်းရောင်းချနေသော ယုဇနပလာဇာ(စတုတ္ထထပ်)၊ အခန်းအမှတ်- B(8/B) နှင့် B(9) ဥပစာနေရာနှင့် ပတ်သက်၍အများသိစေရန်ကြေညာချက်အပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊(စတုတ္ထထပ်)၊ အခန်းအမှတ်-B(8/B)တွင် "ခေတ်စံ"အမည်ဖြင့် အိမ်သုံး၊ရုံးသုံး ပရိဘောဂပစ္စည်းများ တည်ခင်းရောင်းချနေသော ဒေါ်အေးနန္ဒာထွန်း(ခ)ဒေါ်အိသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနန္ဒာထွန်း (ခ) ဒေါ်အိသွယ်သည် ဆိုင်ခန်းအမှတ် B(9)တွင် MODERN HOUSE FURNITURE ပရိဘောဂပစ္စည်းများတည်ခင်းရောင်းချနေသော ဒေါ်ခင် အေးရီ၏တူမအရင်းတော်စပ်ပြီး အခန်းအမှတ် B(8/B)တွင် ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်အရ "ခေတ်စံ"အမည်ဖြင့် အိမ်သုံး၊ ရုံးသုံး၊ ပရိဘောဂပစ္စည်းများကို ရောင်းချ လျက်ရှိနေပါသည်၊

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနန္ဒာထွန်း (ခ)ဒေါ်အိသွယ်သည် ၎င်း၏ကြိုးစားမှု၊ လုံ့လဝီရိယရှိမှုကြောင့် အမည်ကောင်းသတင်းဖြင့် ဖောက်သည်များ တိုးပွားလာကာ အရောင်းအဝယ်တွင်ကျယ်လာသည့်အပေါ် အဒေါ်အရင်းဖြစ်သူမှ စီးပွားရေးအရ တိုက်ခိုက်မှုပြုရာ၌ မမှန်မကန်ဖော်ပြကြေညာခြင်းသာဖြစ်ပြီး၊ "ခေတ်စံ"အမည်ဖြင့် ယနေ့အချိန်အထိ ပရိဘောဂပစ္စည်းများအား ရောင်းချလျက်ရှိပြီး၊"ခေတ်စံ"အမည်ဖြင့်သာ ပြေစာများအား အသုံးပြုလျက်ရှိပါကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စိုးမိုး LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၈၅)
အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၈)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉၄၃၀၆၉၉၂၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဝက်လက်မြို့နယ်တရားမရုံး၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

မသင်းနုအောင်	နှင့်	၁။ ရဲမင်းထွန်း
		၂။ ဒေါ်ခင်မာအေး
		၃။ ဦးစိုးတင့်
(တရားလို)		(တရားပြိုင်များ)

အရာတော်မြို့နယ် ဗိတောက်မြိုင်ရပ်နေ (၁)တရားပြိုင် ကိုရဲမင်းထွန်း(ဘ)ဦးမျိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့နယ်၊ ရေထွက်ကျေးရွာနေ မသင်းနုအောင်က သင့်အပေါ်တွင် ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်၍ လျော်ကြေးငွေကျပ်သိန်း(၇၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာအောင်)
မြို့နယ်တရားသူကြီး
ဝက်လက်မြို့နယ်တရားရုံး

၂၂-၁၀-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်တင်မြ၏ အများသိစေရန် အသိပေးကြေညာခြင်းအပေါ်ကန့်ကွက်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၂၇၄)နေ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင် [၁၂/ဥကန(နိုင်)၁၃၅၆၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်-(သမိုင်း)၊ မြေကွက်အမှတ်(၁/ခ၁၆)၊ မြေအကျယ် (၀. ၀၄၄)ဧက၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အမှတ်-၂၇၄၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်မြပိုင်ဆိုင်သည်ဆိုခြင်းမှာ မမှန်ကန်ပါ။ ငြင်းဆိုပါသည်၊ အမှန်တကယ်ပိုင်ဆိုင်သူမှာ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင် တစ်ဦးတည်းမှ ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။

၂။ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်သည် ဦးမျိုးသီဟ၏ တရားဝင်ဇနီးမယားအဖြစ်ဖြင့် ပေါင်းသင်းနေထိုင်ခဲ့ရာမှ ၁၉-၉-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သောကြောင့် ဇနီးဖြစ်သူ ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်က တစ်ဦးတည်းပိုင် အမွေဆက်ခံပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါမြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံအား ဒေါ်ခင်သီတာမိုး (ခ) အင်ကြင်းခိုင်၏ ခင်ပွန်းဖြစ်သူ ဦးမျိုးသီဟ၏ ကိုယ်ပိုင်ငွေကြေးများဖြင့် မကွယ်လွန်မီက မိခင်ဖြစ်သူ ဒေါ်တင်မြအား အမည်ခံ အမည်ငှားအဖြစ်ဖြင့် ဝယ်ယူခဲ့သောအိမ်နှင့်မြေဖြစ်ရာ ကျန်ရစ်သူ ဇနီးမယားဖြစ်သော ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်ကသာလျှင် တစ်ဦးတည်းပိုင်ဖြစ်သောကြောင့် ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်သူဖြစ်ပြီး ဒေါ်တင်မြ၏မေတ္တာဖြင့် နေထိုင်သူ မဟုတ်ကြောင်း ဒေါ်တင်မြ၏ ကြေညာချက်အပေါ်ကန့်ကွက်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀)

ဒေါ်ကြူကြူဝေ (LL.B,LL.M)	**ဒေါ်တင်ဇာလွင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၄)	**အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၇)**

အမှတ်-၅၆၀၊ ပထမထပ်၊ အခန်း-၄၊ M.A.C Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နည်းပညာသတင်း ALEZ&TIKILA

ကလေးကစားစရာအရုပ်ဆက်ကိရိယာများဖြင့် ကုန်စည်သယ်ယူရေးရဟတ်ယာဉ်ပုံစံတပ်ဆင်ပြသ

LEGO ဟုအမည်ရသော ကလေးကစားစရာအရုပ်များ တပ်ဆင်သည့်ကိရိယာငယ်လေးများပေါင်းစပ်ကာ ကုန်စည် သယ်ယူရေးရဟတ်ယာဉ်ပုံစံမျိုးတည်ဆောက်ပြသသွားကြောင်း နည်းပညာသတင်းစာမျက်နှာများတွင် တွေ့ရသည်။ Ryan Mc Naught ဆိုသူ အရုပ်ဆက်ပညာရှင်က အဆိုပါကုန်စည်သယ်ယူရေးရဟတ်ယာဉ်ပုံစံငယ်ကို တည်ဆောက်ခဲ့သည်ဟု သိရသည်။ အရုပ်ဆက်ကိရိယာပေါင်းတစ်သိန်းကျော်ခန့် အသုံးပြုကာ အရှည်လေးမီတာ နှင့် အမြင့်တစ်မီတာခန့်ရှိသော ကုန်စည်သယ်ယူရေးရဟတ် ယာဉ်ပုံစံမျိုးဖြစ်သည်ဟု သိရ သည်။ အမှန်တကယ်ပင် ပြင်ပလောကတွင် အဆိုပါ ရဟတ်ယာဉ်ပုံစံမျိုးများမှာ ERICKON Air-Crane ဟုအမည်ရသော လုပ်ငန်းမှ လက် ဝယ်ပိုင်ဆိုင်ထားသည်ဟု သိရသည်။ အလေးချိန် ပေါင် ၃၃၀ ခန့်ရှိသော အဆိုပါ ရဟတ်ယာဉ်ပုံစံငယ်ကိုတည်ဆောက်တပ်ဆင်ရခြင်းမှာ အပြင်လောကတွင်ရှိသော ကုန်စည်သယ်ယူရေးနှင့် သဘာဝဘေးဒဏ်ကယ်တင်ခဲ့ဖူးသည့် ရဟတ်ယာဉ်အားသဘောကျနှစ်ခြိုက်မိသောကြောင့် ပုံစံတူတပ်ဆင်တည်ဆောက်ခဲ့ကြောင်း အဆိုပါ ပညာရှင်ကပြန် ကြားရေးမီဒီယာများသို့ပြောကြားသည်။ အဆိုပါ အရုပ်ဆက် ပစ္စည်းများဖြင့် အခြားနာမည်ကြီးစစ်သင်္ဘောများ၊ တိုက်လေယာဉ်များ၊ မော်တော်ကားများနှင့် အခြားပုံစံတူများကိုလည်း တပ်ဆင်တည်ဆောက်ကာ လေလံတင်ရောင်းချခဲ့မှုများလည်းရှိကြောင်း သိရသည်။

ကာတွန်းဇာတ်ကားအတွင်းမှပိုကီမွန်းဘောလုံး အသွင်ဖြင့် လက်ထပ်လက်စွပ်ဘူး

ကာတွန်းဇာတ်ကား လောကတွင် နာမည်ရနေသော ပိုကီမွန်းဇာတ်လမ်းများအတွင်း ဇာတ်ကောင်သူရဲကောင်း အရုပ်ကလေးများထွက်ပေါ် လာရာ ဘောလုံးပုံစံမျိုးဖြင့် လက်ထပ်လက်စွပ်ကိုဘူးအတွင်းထည့်ကာ I Choose You ! ဟုရေးသားထားသော စာတန်းငယ်ပါဝင်ပြီးလက်ထပ်ခွင့်တောင်းခံနိုင်ရန်စိတ်ကူးဖန်တီးထားသော လက်ထပ်လက်စွပ်ထည့်သည့် ဘူးတစ်မျိုးဖြစ်ကြောင်း သိရသည်။ တန်ဖိုးသတ်မှတ်ချက်မှာ ပလက်တီနမ် လက်ထပ်လက်စွပ်တစ်စုံ အပါအဝင် အမေရိကန်ဒေါ်လာ ၃၀၀ ကျော်ခန့် ရှိနိုင်ကြောင်း သိရသည်။ ၎င်း ကာတွန်းဇာတ်လမ်းများကို စွဲလမ်းသူစုံတွဲများအတွက် ရည်ရွယ်ပြီး ဖန်တီးထားသည်ဟု သိရသည်။

သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရသည် ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၁၁. ၉. ၂၀၁၁ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ၁၉. ၉. ၂၀၁၁ ရက်တွင် မှတ်ပုံတင်သက်တမ်းအနှစ် (၄၀)ကျော် "စ"၊ "ဆ"၊ "ဇ" အက္ခရာများကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၈. ၁၁. ၂၀၁၁ ရက်တွင် အနှစ်(၃၀)ကျော်မှအနှစ်(၄၀)ကျော်အတွင်း "ဈ"၊ "ည" အက္ခရာများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၂. ၁. ၂၀၁၂ရက်တွင် အနှစ်(၂၀)ကျော်မှ အနှစ်(၃၀)ကျော်အတွင်း"ဏ"၊"ထ"၊"ဒ"၊"မ"၊"န"၊"ပ"၊"ဗ"၊ "ဘ"၊ "လ"၊ "သ" အက္ခရာယာဉ်များကိုစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၄. ၁၀. ၂၀၁၃ ရက်အထိ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစီးရေ ၉၄၁၆၈ စီး ဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၉ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင်ယာဉ်များအားလုံး ၁၂. ၇. ၂၀၁၂ ရက်မှစ၍လည်း ကောင်း၊ ကျန်လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကို ၁၆. ၁၁. ၂၀၁၂ ရက်မှစ၍လည်းကောင်း စီမံချက်တွင် ထည့်သွင်းအပ်နှံဆောင်ရွက်ပေးလျက်ရှိရာ ၅၇၀၄ စီးဆောင်ရွက်ပြီးဖြစ်ပါသည်။

၃။ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေးစီမံချက် စတင်ဆောင်ရွက်ရာ ပထမဦးစွာကြေညာခဲ့သည့် ၁၀. ၉. ၂၀၁၁ ရက်စွဲပါ ကြေညာချက်၊ ၁၆. ၆. ၂၀၁၂ ရက်စွဲပါကြေညာချက်များအရ လက်ရှိယာဉ်မှတ်ပုံတင် အက္ခရာအလိုက် သတ်မှတ်ဆောင်ရွက်ခဲ့ရာမှ ဖွံ့ဖြိုးပြီးဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ၂၀၁၄ ခုနှစ်မှစ၍ မော်တော်ယာဉ် သက်တမ်းကိုသာ သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း တွင် "အ" အက္ခရာယာဉ်များ အပ်နှံဆောင်ရွက်ခြင်းကို ၂၉. ၁၀. ၂၀၁၃ ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး/တိုင်းဒေသကြီးရုံးများတွင် လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်

မြေလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၇ မိနစ် ၃၆ စက္ကန့်တွင် ကမ္ဘာအေးမြေလျှင်စခန်းမှ အနောက် တောင် ဘက် ၂၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(ကပ္ပလီ ပင်လယ်ပြင်၊ INDIA Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ် ခုလှုပ်ရှားသွားကြောင်း တိုင်းထွာ ရရှိသည်။

(သတင်းစဉ်)

ခရီးသွားပြည်သူများသို့ အသိပေးကြေညာခြင်း

မြန်မာ့မီးရထားသည် ပြည်သူတို့အား ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးရှိ ဘူတာကြီးငယ်များတွင် ပြည်သူ့ဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်သူများမှ အကြံပြုချက်များ၊ တိုင်ကြားချက်များကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်းရေးသားပြောဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး မြန်မာ့မီးရထားရုံးချုပ်သို့ နေ့စဉ်ပေးပို့လာသည့်စာများကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့မီးရထားရုံးချုပ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လေ့လာသုံးသပ်ရေးအဖွဲ့ Working Group သည် နေ့စဉ်ရရှိသောပြည်သူလူထု၏ အသံများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အပတ်စဉ် ဌာနအကြီးအကဲများဖြင့် ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသက်သောင့်သက်သာ စီးနင်းနိုင်ရန်အတွက် အစုန်/အဆန် ရထားလမ်းတွင် ခုန်/ဆောင့်/လူးများလျော့နည်းစေရန် မြန်မာ့မီးရထား တိုင်းဒေသကြီးအလိုက် နယ်မြေများတွင် အဆက်နိမ့်နှင့် သံလမ်းအဖြောင့်ဆွဲခြင်း၊ အဆက်ပက်ကင်ရိုက်ခြင်း၊ ရေချိန်ညှိခြင်း၊ အဆက်အကြီးစားပြုပြင်ခြင်း၊ မြေကွဲနေရာများအား သဲထည့်ပက်ကင်ရိုက်ခြင်း၊ Level Crossing ရေဝပ်နေရာပက်ကားကြီး ပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ရထားစီးခရီးသွားပြည်သူများ ဗဟုသုတတိုးပွားစေရန်နှင့် စာပေဖတ်ရှုလေ့လာနိုင်ရန် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘူတာရုံများတွင် စာပေရေချမ်းစင် ၈၁ ခုအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ စစ်ကိုင်းတံတားမှ နန့်စီအောင်ဘူတာအကြားတွင် ရထားလမ်း ဝဲ၊ ယာရှိ ရထားလမ်းနှင့် မလွတ်ကင်းသည့် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းသကဲ့သို့ ရထားလမ်းများ ကြံ့ခိုင်ရေးကို အရှိန်ဟုန်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် မြန်မာ့မီးရထားနှင့်ပတ်သက်၍ အကြံပြုတိုင်ကြားလိုပါက ဘူတာရုံများရှိ ပြည်သူ့ဆက်ဆံရေးဌာန မြန်မာ့မီးရထား တိုင်းရုံးများနှင့် ရုံးချုပ်သို့ အသိပေးတိုင်ကြားပါရန် ပြည်သူများသို့ လေးစားစွာ အသိပေးအပ်ပါသည်။

(မြန်မာ့မီးရထား)

❒ ကျောဖုံးမှ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့ ရဲမှူးချုပ်စိုးမြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါစစ်ရေယာဉ်လေးစင်းသည် တပ်မတော်(ရေ)တွင် တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ၁၉၉၀ ပြည့်နှစ် ဧပြီ ၁၁ ရက်မှစ၍ ပြုလုပ်ခဲ့ပြီး တပ်မတော်(ရေ)တွင် ပင်လယ်ပြင် စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ပူးပေါင်းစစ်ဆင်ရေးများ၊ ရေနဂါးစစ်ဆင်ရေး၊ မင်းရောစစ်ဆင်ရေးများတွင် ထမ်းဆောင်ခဲ့သည့် တိုက်ရေယာဉ်များ ဖြစ်သည်။

(နေဇော်)



ရောင်းမည်

(၅၀၊ ၈၀၇၆)

အင်းစိန်လမ်းမ၊ (သမိုင်းအနီး) ပေ(၂၀×၄၀)၊ ဂါမစ် သိန်း(၂၇၀၀)၊ အောင်သိဒ္ဓိလမ်းမ ဂုတ်မြေ ပေ(၈၀×၈၀)၊ ဘိုးဘွား သိန်း(၇၀၀၀)။

ပျောက်ဆုံး

ဘဒ္ဒန္တအဂ္ဂမဟ္ဘ သာသနာဝင်အမှတ်[၁၂/ဥကမ(သ)၀၀၁၈၉၉]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသောကြောင့် တွေ့ရှိက အကြောင်းကြားရန်။

ဖုန်း-၀၉-၄၅၀၀၀၆၀၇၀

မြေချပါမစ်ပယ်ဖျက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက် သစ်၊ မြေကွက်အမှတ်(၃၄၆)၊ ဧရိယာ ပေ(၄၀×၆၀)ရှိသော မြေအမည်ပေါက် ဦးစောဝင်း[၁၂/ ကတန(နိုင်)၀၀၉၂၃၆]အမည်ဖြင့် ဤဦးစီးဌာနမှ ထုတ်ပေးထားသည့် မြေချပါမစ်အား ၂၅-၁၀- ၂၀၁၃ ရက်မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



ပျောက်ဆုံး

ကျွန်တော် မောင်ခင်မောင်လတ်[၁၂/မဂတ(နိုင်)၀၀၀၈၃၉]ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၁၁၀၇၂၀၀



အများပြည်သူသို့အသိပေးပန်ကြားခြင်း

၁။ မဟာဓာတ်အားလိုင်းမှ ဓာတ်အားကို လက်ခံ၍အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးပို့လွှတ်ထားသော သာကေတပင်မဓာတ်အားခွဲရုံရှိ ၂၃၀/ ၃၃ ကေဗွီ (၁၀၀)အမ်ဗွီအေထရန်စဖော်မာ၏ (၃၃)ကေဗွီဗို့အားအထွက်အပိုင်းတွင် လွန်းဖွာနေသောဓာတ်အားလိုင်းကြိုးများအား အစားထိုးအသစ်လဲလှယ်ခြင်း၊ ယာယီအစားထိုးတပ်ဆင်ထားသော လျှပ်စီးတိုင်းထရန်စဖော်မာသုံးလုံးအား အသစ်ဖြင့်လဲလှယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းတို့ကို အရေးပေါ်ဆောင်ရွက်ရန်လိုအပ်နေပါသည်။

၂။ သို့ပါ၍သာကေတပင်မဓာတ်အားခွဲရုံတွင် ဖော်ပြပါလုပ်ငန်းများအား ဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်ရာ အောက်ပါနေ့ရက်၊ အချိန်တွင် ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း ဓာတ်အားပြတ်တောက်မည့်နေရာဒေသများတွင် နေထိုင်သူအများပြည်သူများအား အသိပေးအပ်ပါသည်။

သာကေတပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃ ကေဗွီ (၁၀၀)အမ်ဗွီအေထရန်စဖော်မာအမှတ်(၂)ကို ၂၇. ၁၀. ၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအထိဓာတ်အားပိတ်ထားမည်ဖြစ်ရာ-

(က) သာကေတမြို့နယ်နှင့်ဒေါပုံမြို့နယ်တို့၏ ရပ်ကွက်များတွင် လည်းကောင်း၊

(ခ) သင်္ဃန်းကျွန်းမြို့နယ်ရှိ
ဇဝန၊ ဆ/က၊ ဗိုလ်ကံညွန့်၊ လေးဒေါင့်ကန်၊ င/က၊ မိချောင်းကန်၊ ဝေဇယန္တာ၊ သာခု၊ ဆယ်သိန်း၊ နန္ဒွန်းကုန်း၊ ရန်အောင်၊ ကမ္ဘာယအထိရပ်ကွက်များ၊ ရန်ကုန်သစ်တခြမ်း၊ င/ခရပ်ကွက်၊ မေခ၊ မလိခအိမ်ရာ၊ ငမိုးရိပ်၊ စံပြ၊ ပြည်ထောင်စုရိပ်မွန်၊ ပင်လုံ၊ ကြီးပွားရေးတောင်/မြောက်၊ ကမ်းသာယာနှင့်ဣန္ဒိတ်အိမ်ရာတို့တွင် လည်းကောင်း၊

(ဂ) ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်
(၁၀)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၈)၊ (၄၅)၊ (၄၃)၊(၁၆) ရပ်ကွက်တို့တွင် လည်းကောင်း၊

(ဃ) ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်
ကွေ့မအိမ်ရာ၊ တော့စတားအိမ်ရာ၊ အင်း၀အိမ်ရာ၊ (၁၈)၊(၁၉)၊ (၂၀)၊(၂၁)၊(၂၂)၊(၂၄)၊(၂၅)၊(၂၆)၊(၅၃)၊(၅၅)၊ (၅၆)၊(၅၇)၊(၆၄)၊ (၆၅)၊(၇၀)၊(၇၂)၊(၁၀၅)၊(၁၀၆)၊(၁၀၇)တို့တွင် လည်းကောင်း ခြောက်နာရီကြာ ဓာတ်အားပြတ်တောက်မည်ဖြစ်ပါသည်။

၃။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပေးနေစဉ်ကာလအတွင်း ချွတ်ယွင်းအားနည်းမှုဖြစ်ပေါ်နေသည့်နေရာများမှ အပြစ်ဖြစ်ပေါ်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုပိုများပြီး ပြုပြင်ရန်အချိန်ပိုကြာခြင်း၊ မလိုလားအပ်သောဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုထိခိုက်ခြင်းကို ဖြစ်ပေါ်စေနိုင်ခြင်းတို့ကြောင့် ကြိုတင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွှတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

မဲခေါင်ဒေသနိုင်ငံများ တိုင်းရင်းသားဆေးပညာရပ်ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးသို့ မြန်မာတိုင်းရင်းဆေးကိုယ်စားလှယ်များ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Lijiang Yunnan မြို့တွင် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ တိုင်းရင်းသားဆေးပညာရပ် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာတိုင်းရင်းဆေးကိုယ်စားလှယ်ရှစ်ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။ (အပေါ်ပုံ)

အဆိုပါအစည်းအဝေးသို့ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ တိုင်းရင်းဆေးတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးကျော်သိန်းဌေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်ညက်၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းညွန့်၊ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌဦးသောင်းနိုင်၊ ဦးစီးအရာရှိ(ဓာတ်ခွဲ)ဒေါ်လှိုင်မိုးမြတ်၊ ဓာတ်ခွဲလက်ထောက်-၂ ဒေါ်မိုးသီတာအေးတို့ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)

စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ၌ အနုပညာရှင်များ ဖျော်ဖြေမည်

နေပြည်တော် အောက်တိုဘာ ၂၅

စက်မှုဝန်ကြီးဌာန၏ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၁၃) နေပြည်တော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြပွဲလာသူများအား The Three Band နှင့်အတူ R ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ရတနာ၊ ရည်မွန် (No အဖွဲ့)၊ ဝိုင်းစုခိုင်သိန်း စသည့် နာမည်ကြီး အနုပညာရှင်များ၏ တေးဂီတများဖြင့် လည်းကောင်း၊ Uranium Dancer အဖွဲ့မှ ခေတ်ပေါ် အကအလှများဖြင့် လည်းကောင်း၊ Myanmar Model Management Agency မှ မော်ဒယ်များနှင့် စက်မှုဝန်ကြီးဌာနမှ သမီးပျိုများ၏ ဖက်ရှင်ရှိုးများဖြင့် လည်းကောင်း တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

သာစည် အောက်တိုဘာ ၂၅

မိတ္ထီလာခရိုင် သာစည်မြို့နယ် အမှတ်(၆) တပ်ခွဲရထားစခန်းမှ ရဲအုပ်လှထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရထားအတက်/အဆင်းပြုလုပ်နိုင်ရေးနှင့် အခြားသောပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

(ထွန်းထွန်း-သာစည်)

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရှင်သန်ရေးလုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရှင်သန်ရေး လုပ်ငန်းတိုးတက်ရေးစီမံကိန်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက အနောက်ပိုင်းခရိုင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်က အဖွင့်အမှာစကားပြောကြားပြီး ဆရာမဒေါ်ခင်မမထွန်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ခရိုင်အတွင်းရှိ ၁၃ မြို့နယ်မှ အမျိုးသမီးရေးရာဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မီးမီး(လှိုင်)

ယာဒူးအက်ရာရရှိထားခြင်းကြောင့် ဂျိုနသန်ဒေါ့ဆန်းတို့စ် ခြောက်လကြာအနားယူရမည်

ခွေ ကြယ်

ဘာစီလိုနာအသင်းမှ မက္ကဆီကိုကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့ဆန်းတို့စ်သည် အောက်တိုဘာ ၂၃ ရက်က ဘာစီလိုနာအသင်း၏ လေ့ကျင့်ရေးကွင်းတွင် ယာဒူးအရွတ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဘာစီလိုနာကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့ဆန်းတို့စ်သည် ယာဒူးအရွတ်ဒဏ်ရာအား ခွဲစိတ်ကုသမှုပြုလုပ်ရမည်ဖြစ်ခြင်းကြောင့် ဘာစီလိုအသင်းတွင် ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ ခြောက်လကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့ဆန်းတို့စ်သည် ဘာစီလိုနာလူငယ်အကယ်ဒမီဘောလုံးသင်တန်းကျောင်းမှ မွေးထုတ်ပေးလိုက်သော ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ပထမအသင်းတွင် ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်သည်။

အသက်(၂၃)နှစ်အရွယ် ဘာစီလိုနာကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့ဆန်းတို့စ်၏ ဒူးအရွတ်ဒဏ်ရာအား နိုဝင်ဘာ ၅ ရက်တွင် ခွဲစိတ်ကုသမှုပြုလုပ်မည်ဖြစ်ကြောင်းလည်း ဘာစီလိုနာအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ယင်းဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ခြောက်လနီးပါးကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်းလည်း ဘာစီလိုနာအသင်း၏ ဆေးဝါးဌာနမှ အတည်ပြုပြောကြားခဲ့သည်။ ကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့ဆန်းတို့စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ကာ ဘာစီလိုနာပထမအသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး လက်ရှိတွင် ပွဲပေါင်း ၂၈ ပွဲပါဝင်ကစားပေးထားပြီး ဖြစ်သည်။

စိတ်ဆွကာ ရန်စလာမှုများကိုကာကွယ်ရန် ပီပီ၏ကစားကွက်ကို ဗီဒီယိုမှလေ့လာခဲ့သည်ဆိုသည့် နေမာ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာသည် စက်တင်ဘာလအတွင်းက ဘရာဇီးအသင်းနှင့် ပေါ်တူဂီအသင်းတို့တွေ့ဆုံခဲ့သည့် ပွဲစဉ်တွင် မိမိ၏စိတ်ကိုဆွကာ ရန်စလာခြင်းတို့ကို မည်သို့ ရှောင်ရှားရမည်ဆိုသည်ကို နောက်ခံလူပီပီ၏ ကစားကွက်ဗီဒီယိုတိတ်ခွေမှတစ်ဆင့်လေ့လာသင်ယူခဲ့ရာမှ ပညာရခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသို့ ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ပီပီ၏ ကစားကွက်ဗီဒီယိုတိတ်ခွေကို ကြည့်ရှုခဲ့ပြီး နောက် မည်သို့မည်ပုံကစားရမည်ကို သိရှိခဲ့ရကြောင်းလည်း တိုက်စစ်မှူးနေမာက ဆိုသည်။ သို့ရာတွင် မိမိအနေဖြင့် အခြားပြိုင်ဘက်ကစားသမားများ၏ စိတ်ကိုဆွကာ ရန်စမှုမျိုးလုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။

"အဲဒီလိုလေ့လာခဲ့ခြင်းဟာလည်း ကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့အသင်းကစားဖော်တွေအတွက်လည်း ပါပါတယ်"ဟု ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် ရှစ်ပွဲကစားပြီးချိန်၌ နှစ်ဂိုးသွင်းယူပေးထားခဲ့သည့် ဘာစီလိုနာတိုက်စစ်မှူး နေမာက ထုတ်ဖော်ပြောကြားခဲ့သည်။



ပရီမီယာလိဂ် ရင်ခုန်သံ-၉

ရှိုင်းမင်းမင်း

အောက်တိုဘာ ၂၆၊ ၂၇ ရက်တွေမှာ ကျင်းပမယ့် ပရီမီယာလိဂ်ပွဲစဉ်(၉)မှာ ချယ်လ်ဆီးနဲ့မန်စီးတီးတွေ့မယ့်ပွဲပါလို့ အကြိတ်အနယ်ရှိမယ်။ ဒါ့အပြင်ပွဲစဉ်(၈)မှာ နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့လီဗာပူးနဲ့ မန်ယူတို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရှာဖွေနိုင်မလားဆိုတာပါစောင့်ကြည့်ရမယ်။

ပဲလေ့စ် - အာဆင်နယ် ည ၆း၁၅ (၂၆-၁၀-၂၀၁၃)

အာဆင်နယ်ကို တစ်စုံတစ်ရာတုံ့ပြန်နိုင်လောက်တဲ့အားမျိုး ပဲလေ့စ်မှာမရှိဘူး။ ဒါပေမယ့် သတိပြုရမှာက အာဆင်နယ်ဟာ ဒီပွဲမတိုင်ခင် ချန်ပီယံလိဂ်ကစားခဲ့ရပြီး ဒီပွဲအပြီးမှာချယ်လ်ဆီးနဲ့ကက်ပီတယ်ဝမ်းဖလားကစားရမယ်။ ဒါကြောင့်အာဆင်နယ်နိုင်တော့နိုင်မယ်။ ခြေချန်နိုင်လို့ ဂိုးတော့မကွာဘူး။

ဗီလာ - အဲဗာတန် ည ၈း၃၀ (၂၆-၁၀-၂၀၁၃)

ဗီလာ အရှုံးနွံကနေရုန်းထွက်ဖို့တော့ရှိတယ်။ အိမ်ကွင်းလည်း ဖြစ်တယ်။ဒါပေမယ့် သတိပြုရမှာက နောက်ဆုံးငါးပွဲမှာ လေးပွဲအနိုင်ကစားထားတဲ့အဲဗာတန်ရဲ့ခြေတည်ငြိမ်မှု။ ဘန်တီကီခြေမမှန်ဘဲ ဂိုးသွင်းအား ကျနေတာနဲ့ ပါထည့်ထွက်ရင်ဗီလာဒီပွဲလည်း သရေထက်မပိုဘူး။

လီဗာပူး - ဝက်စ်ဘရွန်း ည ၈း၃၀ (၂၆-၁၀-၂၀၁၃)

လီဗာပူးက ယုံကြည်ဖို့ထိုက်တန်ဆဲပါ။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေငြိမ်နေမှုအရ ဂိုးမရမှာမပူရဘူး။ ဒါပေမယ့်ဝက်စ်ဘရွန်းကလည်းနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်မရှုံးဘူး။ ဒီတော့ လီဗာပူး မထင်မှတ်ဘဲရုန်းကန်ရနိုင်ပြီး ကပ်ပြီးသာနိုင်မယ်။

မန်ယူ - စတုတ် ည ၈း၃၀ (၂၆-၁၀-၂၀၁၃)

သုံးပွဲဆက်တိုက် ဂိုးမသွင်းနိုင်တဲ့ စတုတ်တိုက်စစ်အနေနဲ့ မန်ယူခံစစ်ကို ကျော်ဖြတ်ဖို့ခက်မယ်။ ဒါပေမယ့် ထည့်တွက်ရမှာက စတုတ်ရဲ့မာကျောမှု။ မန်ယူအတွက် ဒီပွဲကချန်ပီယံလိဂ်နဲ့ ကက်ပီတယ်ဝမ်းဖလားနှစ်ခုကြားရောက်နေမှုနဲ့ ခြေမမှန်မှု။ ဒီတော့ မန်ယူနိုင်ပွဲရခဲ့ရင်တောင် မပြတ်သားဘူး။

နော့ဝှစ်ချ် - ကာဒစ်ဖ် ည ၈း၃၀ (၂၆-၁၀-၂၀၁၃)

နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံးထားတဲ့ကာဒစ်ဖ်ခြေက အကျဘက်နင်းနေတယ်။ ဒါပေမယ့်နော့ဝှစ်ချ်ကလည်း နောက်ဆုံးငါးပွဲမှာ လေးပွဲတိတိ ရှုံးထားတဲ့အသင်း။ အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့် အသင်းလိုက်ဟန်ချက်ပိုပြီးကောင်းတဲ့ ကာဒစ်ဖ် ဒီပွဲမှာ အနိမ့်ဆုံးသရေရမယ်။

ဆောက်သမ်တန် - ဖူလ်ဟမ် ည ၁၁း၀၀ (၂၆-၁၀-၂၀၁၃)

ဖူလ်ဟမ်ကဂိုးသွင်းခြေအားနည်းတယ်။ အဝေးကွင်းမှာဆိုရင်လည်း ခြေကပိုပြီးကျတယ်။ ဆောက်သမ်တန်ရဲ့ခြေက လက်ရှိ အတည်ငြိမ်ဆုံးပုံစံမှာရှိတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကျစ်လျစ်လွန်းလို့ ဖူလ်ဟမ်ကို ထိန်းချုပ်နိုင်မှာပါ။ ဆောက်သမ်တန်နဲ့ပဲ ရပ်တည်ရမယ့်ပွဲပါ။

ဆန်းဒါးလန်း - ကာဆယ် ည ၈း၀၀ (၂၇-၁၀-၂၀၁၃)

လီဗာပူးကို ၁၀ယောက်ကျန်အနေအထားနဲ့ သရေကစားခဲ့တဲ့ ကာဆယ်ခြေက ကောင်းတယ်။ အဝေးကွင်းမှာ အားပျော့လေ့ရှိတတ်ပေမယ့် လက်ရှိဆန်းဒါးလန်းရဲ့အနေအထားကလည်း အားပျော့လွန်းတယ်။ ဒါတီပွဲဖြစ်လို့ ဆန်းဒါးလန်းခြေကုန်ထုတ်လာရင်တောင် ကာဆယ်ပဲ အနိုင်ရသွားဖို့ရှိတယ်။

ချယ်လ်ဆီး - မန်စီးတီး ည ၁၀း၃၀ (၂၇-၁၀-၂၀၁၃)

လက်ရှိအချိန်မှာနှစ်သင်းစလုံးကအကောင်းဆုံးပုံစံမှာရှိတာမှန်တယ်။ ဒါပေမယ့်မန်စီးတီးကအဝေးကွင်းမှာဆို စိတ်မချရဘူး။ အထူးသဖြင့်မန်စီးတီးရဲ့ခံစစ်ကြောင်းက အဝေးကွင်းပွဲတွေမှာတည်ငြိမ်မှုအားနည်းတတ်တယ်။ ချယ်လ်ဆီးကလည်းဖွင့်ကစားလာမှာဆိုတော့ ဂိုးအများနဲ့ ချယ်လ်ဆီးကပ်နိုင်မယ်။

ဆွမ်ဆီး - ဝက်စ်ဟမ်း ည ၁၀း၃၀ (၂၇-၁၀-၂၀၁၃)

ဝက်စ်ဟမ်းကအဝေးကွင်းပွဲတွေမှာ ရုန်းကန်နေရဆဲပါ။အထူးသဖြင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ထားတဲ့ ခြေကလည်းတည်ငြိမ်မှုမရှိတာကို ပြနေတယ်။ဆွမ်ဆီးက ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ဘူး။ ဆွမ်ဆီးကပ်နိုင်မယ်။

စပါး-ဟားလ် ည ၁၀း၃၀ (၂၇-၁၀-၂၀၁၃)

ဟားလ်ရဲ့ခံကစားအားက သာမန်သာရှိတာမှန်တယ်။ ဒါပေမယ့် စပါးကယူရိုပါလိဂ်ကြောင့် ပွဲပန်းလာဖို့ရှိတယ်။ တိုက်စစ်ပိုင်းကလည်း ထင်သလောက်တည်ငြိမ်မှုမရှိသေးဘူး။ ဒါကြောင့်စပါးတို့ အိမ်ကွင်းအားနဲ့ဖိအားပေးမယ်ဆိုရင်တောင် ကပ်ပြီးပဲနိုင်မယ်။ သွင်းဂိုးနည်းမယ်။





အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် သံကူကွန်ကရစ်ဆိပ်ခံတံတား (၁)စင်းစီနှင့် ရမ်းဗြဲမြို့နယ်တွင် (၂)စင်း၊ စုစုပေါင်း (၅) စင်း တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) လုပ်ငန်းအမျိုးအစား - သံကူကွန်ကရစ်ဆိပ်ခံတံတား
(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၈-၁၀-၂၀၁၃ ရက်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၁၁-၂၀၁၃ ရက် (၁၆း၀၀)နာရီ
(ဃ) တင်ဒါလျှောက်လွှာပုံစံ ရယူတင်သွင်းရမည့်နေရာ - ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့

၂။ တင်ဒါစည်းမျဉ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၄၃-၂၂၆၆၃၊ ၀၄၃-၂၂၆၅၃ နှင့် ၀၄၃-၂၃၆၃၆ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
စစ်တွေမြို့

မြေကွက်ရောင်းမည်

တ/ဒဂုံ၊ ရွာသာကြီး၊ စိုက်မွေး (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမပေါ်၊ ပေ(၄၀x၁၂၀)၊ ဂရန်၊ ဈေးနီး၊ ကျောင်းနီး၊ သိန်း(၃၂၀)၊ ဈေးနှုန်းညှိနှိုင်းပေးမည်။

ဖုန်း-၀၉-၄၅၀၀၁၆၆၆၁

အမြန်အိမ်ပြန်လာပါ

ကိုကျော်ဝင်းသန့်၏ဇနီး မသီသီဟန်နှင့်သား ထက်အာကာကျော်တို့ အမှတ်(၂၆၂)၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂) ပညာရေးရပ်ကွက်အိမ်ကို ပြန်လာပါ မိဘများမှလည်း စောင့်မျှော်နေပါသည်။

ရုံးခန်းလိပ်စာပြောင်းရွှေ့ခြင်း

ကျိုက်ထိုဟိုတယ် Sales and Reservation Office ၏ လိပ်စာကို ၂၇-၁၀-၂၀၁၃ရက် မှစ၍ အောက်ဖော်ပြပါအတိုင်း ပြောင်းရွှေ့ ဖွင့်လှစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လိပ်စာ - အမှတ်-၅၀၁(ဘီ)၊ (TTC)ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ (မေတ္တာဦးဆေးခန်းဘေးလမ်းမှဝင်ရန်)
ဖုန်းနံပါတ် -၀၁-၂၃၀၆၀၃၅၊ ၀၁-၂၃၀၆၀၃၆၊ ၀၉-၄၉၂၃၆၉၁၅
Fax - 01-536003
Email - sales @asiarisingstar.com
reservation@asiarisingstar.com

ဒေါ်နီလာ |၉/ပဘန(နိုင်)၀၈၁၈၈၈|နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၃၂)၊အခန်း(၆၀၂)၊ ၅၁-လမ်းတွင်နေထိုင်သူ ဒေါ်ချိုချိုမြင့်နှင့် အစ်မတို့၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်(လိပ်ကန်)အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၆)သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကွယ်လွန်သူမိခင် ဒေါ်စောကြည်၏ အမည်ပေါက်ဖြစ်ပါသည်။

အဆိုပါအခန်းတွင် ဒေါ်စောကြည်၏ သားဖြစ်သူ ဦးသန်းထွန်းနေထိုင်ပြီး ဒေါ်နီလာအား ရောင်းချခဲ့ရာ ၇-၈-၂၀၁၃ ရက်တွင် စရန်ငွေပေးချေခဲ့ပြီး ဒေါ်စောကြည်၏ကျန်သမီးများဖြစ်ကြသော ဒေါ်မြရီ(ခ)ဒေါ်ဥ၊ ဒေါ်ပိုနှင့်ဒေါ်ချိုချိုတို့မှ စရန်ပေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၉-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်နီလာမှ အမည်ပေါက်လျှောက်ထားကြောင်းနှင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း ဖတ်ရှုရသည့်အတွက် ဦးသန်းထွန်း၏ ကျန်းမာရေးကြောင့် ကျန်မောင်နှမများက နေပြည်တော်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ၂၁-၁၀-၂၀၁၃ ရက်တွင် ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်နီလာမှ ၃၁-၁၀-၂၀၁၃ ရက်တွင် ငွေအပြေချေရန်ရှိပါသဖြင့် ကျန်မောင်နှမများအား အသိပေးခြင်းမရှိဘဲ ဒေါ်နီလာသဘောဆန္ဒနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပါက ဖြစ်ပေါ်လာသော ပြဿနာအတွက် လူကြီးမင်း၏ တာဝန်သာဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထွေးရင် (LL.B) (စဥ်-၇၄၅၀) တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၁၁၂၈၉၀၅



တရုတ်နိုင်ငံရေးသမားဟောင်း ဘိုရှီလိုင်း၏အယူခံလွှာ ပယ်ချခံရ

တရုတ်နိုင်ငံ ရှန်းတုန်းပြည်နယ် ကျီနန်မြို့ရှိ တရားရုံးချုပ်အဆောက်အအုံကို တွေ့ရစဉ်။

ပေကျင်း အောက်တိုဘာ ၂၅

တရုတ်နိုင်ငံ၌ အာဏာအလွဲသုံးစားပြုလုပ်ခြင်း၊ ဘဏ္ဍာငွေအလွဲသုံးစားပြုလုပ်ခြင်းနှင့် လာဘ်ယူမှုပြုလုပ်ခြင်းတို့ကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံနေရသည့် နိုင်ငံရေးသမားဟောင်း ဘိုရှီလိုင်း၏အယူခံလွှာကို တရားရုံးက ပယ်ချလိုက်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စက်တင်ဘာလ၌ ချုံချင့်ကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်းကို အဆိုပါစွပ်စွဲချက်များဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဖယ်ရှား

ဗြိတိသျှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကိုသတ်သည့်အမှု ကျူးလွန်ခဲ့သော ၎င်း၏ဇနီး အရှုပ်တော်ပုံကြောင့် ၎င်းကို ၂၀၁၂ ခုနှစ်တွင် တာဝန်မှဖယ်ရှားခဲ့သည်။ ဘိုအားတရားစီရင်ခဲ့သည့် ရှန်းတုန်းပြည်နယ် ကျီနန်မြို့ရှိ တရားရုံးချုပ်က ယခုလ စောစောပိုင်းတွင် ၎င်း၏အယူခံလွှာကို လက်ခံခဲ့သည်။

ပြီးပြည့်စုံ

မူလတရားရုံး ဆုံးဖြတ်ချက်ပါအချက်အလက်များသည် ရှင်းလင်းကြောင်း၊ သက်သေအထောက်အထားများသည် ယုံကြည်ရပြီး ပြီးပြည့်စုံကြောင်း ချမှတ်သော ပြစ်ဒဏ်သည်လည်း သင့်လျော်မှန်ကန်ကြောင်း တရားရုံးချုပ်၏ စီရင်ချက်တွင် ဖော်ပြထားသည်။

၎င်းအပြင် ဘို၏ အယူခံလွှာကို ငြင်းပယ်ကြောင်း၊ မူလတရားရုံး၏ စီရင်ချက်သည် အတည်ဖြစ်ကြောင်း၊ ယခုစီရင်ချက်သည် နောက်ဆုံးစီရင်ချက်ဖြစ်ကြောင်း ဖော်ပြသည်။

အချိန်တို

တရားရုံး၌ ယနေ့ကြားနာမှုသည် အချိန်တိုအတွင်းပြီးစီးခဲ့သည်။ ဘိုအားခေါ်ဆောင်လာသည်ဟု ယူဆရသော မော်တော်ယာဉ်တန်းသည် တရားရုံးသို့ ရောက်ပြီး တစ်နာရီခန့်အကြာ စီရင်ချက်ချခဲ့ခြင်းဖြစ်သည်။

စီစီတီဗွီမှ ထုတ်လွှင့်သောသတင်းတွင် ဘို၏သားကြီး လီဝန်ကျီနှင့် ဆွေမျိုးများသည် တရားရုံးသို့ တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

ဘီဘီစီ။

တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှု ဂျပန်အစိုးရက တရားဝင်ကန့်ကွက်

တိုကျို အောက်တိုဘာ ၂၅

ပိုင်နက်နယ်မြေအငြင်းပွားနေသော ကျွန်းများအနီး တောင်ကိုရီးယားနိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းကို ဂျပန်နိုင်ငံက ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား ရေတပ်နှင့် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင်များ၏ လေးနာရီကြာ စစ်ရေးလေ့ကျင့်မှုတွင် စစ်သင်္ဘောငါးစင်း၊ ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ ပါဝင်သည်။ တွတ်ဒိုကျွန်းစုကို ကာကွယ်နိုင်ပုံနှင့် ပတ်သက်၍ သရုပ်ပြနိုင်ရန် စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။

တောင်ကိုရီးယားနိုင်ငံက ထိန်းချုပ်သော တွတ်ဒိုကျွန်းစုကို ဂျပန်နိုင်ငံက တာကဲရှိမဟု ခေါ်တွင်ပြီး နှစ်နိုင်ငံအကြား ဆယ်စုနှစ်နှင့်ချီ၍ ဖြစ်ပေါ်လာသော ပိုင်နက်နယ်မြေအငြင်းပွားမှုနှင့် သက်ဆိုင်နေသည့် ကျွန်းစုဖြစ်သည်။

မြို့တော်တိုကျိုရှိ တောင်ကိုရီးယားသံရုံးမှ အထက်တန်းသံအရာရှိတစ်ဦးကို ဂျပန်အစိုးရအဖွဲ့က ဆင့်ခေါ်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှုကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယား အစိုးရအဖွဲ့အား တရားဝင်ကန့်ကွက်ခဲ့ကြောင်း ဂျပန်ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟိဒဆုဂက ပြောကြားသည်။

အေအက်ဖ်ပီ။



ဂျပန်နှင့်တောင်ကိုရီးယား ပိုင်နက်နယ်မြေ အငြင်းပွားနေသောကျွန်းစုကို တွေ့ရစဉ်။

အိန္ဒိယတပ်ဖွဲ့က အမြောက်ဖြင့်ပစ်ခတ်မှုကြောင့် လူသုံးဦးဒဏ်ရာရဟု ပါကစ္စတန်ပြော

အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၅

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား တင်းမာမှုများရှိနေစဉ်အတွင်း အိန္ဒိယတပ်ဖွဲ့များက အမြောက်ဖြင့်ပစ်ခတ်မှုကြောင့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အတွင်း၌ လူသုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၂၅ ရက် အစောပိုင်းအချိန်တွင် အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များက ပါကစ္စတန်နိုင်ငံ ချာဝါဒေသရှိ လူနေရပ်ကွက်အတွင်းသို့ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ပါကစ္စတန် သတင်းဌာနများက ဖော်ပြသည်။ ယင်းပစ်ခတ်မှုကြောင့် လူနေအိမ်ခြောက်လုံး ပျက်စီးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

အောက်တိုဘာ ၁၉ ရက်တွင် ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း ဆီရာကွတ်မြို့အနီး၌ ပါကစ္စတန်ဘက်မှ ရန်စလှုံ့ဆော်မှုမရှိမီ အိန္ဒိယတပ်ဖွဲ့များက စိန်ပြောင်းများ အပါအဝင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ပါကစ္စတန်အရပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အမည်မဖော်လိုသည့် ပါကစ္စတန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါနှစ်နိုင်ငံအကြား တင်းမာမှုများသည် ယခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ကက်ရှ်မီးယားဒေသအတွင်း ချုံခိုတိုက်ခိုက်မှုတစ်ရပ်၌ အိန္ဒိယတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့စဉ်ကပင် စတင်ခဲ့သည်။

ယမန်နေ့ညက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် ပါကစ္စတန်ကြည်းတပ် ပါဝင်ပတ်သက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။ **ဘီဘီစီ။**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား ၂၂ ဦးသေဆုံး

နယူးဒေလီ အောက်တိုဘာ ၂၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင်ရှိသော ဩရိသနှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၂၂ ဦးသေဆုံး၍ လူထောင်သောင်းချီ အတိဒုက္ခရောက်ကြရကြောင်း၊ လွန်ခဲ့သည့်ရက် အနည်းငယ်က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားဌာန စီအင်န်အင်န်-အိုင်ဘီအင်န်က အောက်တိုဘာ ၂၅ ရက်တွင် ဖော်ပြသည်။

ဩရိသပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၁၀ ဦးသေဆုံး၍ ယင်းပြည်နယ်နှင့်ကပ်လျက် အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၁၂ ဦး သေဆုံးကြောင်း၊ အများစုမှာ တံတိုင်းနံရံများ ပြိုကျမှုနှင့် ရေနစ်မှုတို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းပြည်နယ်တို့တွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကာလက အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ရာ လူ ၃၀ ကျော်သေဆုံးခဲ့သည်။

ဩရိသပြည်နယ်ရှိ ကျေးရွာ ၁၃၀ ကျော်တွင် မိုးရွာသွန်းနေဆဲဖြစ်၍ ရေလွှမ်းမိုးမှုဒဏ်ကိုခံနေရဆဲဖြစ်ပြီး လူပေါင်း ၇၀၀၀၀၀ ကျော် ဒုက္ခခံစားရလျက်ရှိသည်။

ယင်းဒေသများသို့ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်သုံးစင်းက ကယ်ဆယ်ရေးများ လုပ်ဆောင်ပေးလျက်ရှိရာ လူပေါင်း ၅၀၀၀၀ ကျော်ကို ဘေးကင်းစွာ ကယ်တင်ပေးနိုင်ခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



မင်္ဂလာဆောင်

ဦးကျော်စိုး-ဒေါ်အေးမ၊ ဦးစိန်တိုး-ဒေါ်အေးအေးမြင့်တို့၏မြေး ဖေဖေ ဦးညီညီလွင် မေမေ ဒေါ်ခင်သန္တာသက်တို့၏တစ်ဦးတည်းသောသား မောင်သျှား အာကာဟိန်း(ခ)ချစ်ပု ပထမနှစ်(ဆေးတက္ကသိုလ်-၂)၏ ၂၅-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် အသက်ရာကျော်ရှည်ပါစေ။

ဖေဖေ - ဦးညီညီလွင်

မေမေ - ဒေါ်ခင်သန္တာသက်

ကုန်စုံဆိုင်၊ ကုန်သည်လမ်း၊ ဒိုက်ဦးမြို့။

တေဇ(၂၅) သူငယ်ချင်းများ

ဒို့ကျောင်းဆင်း ညီနောင်များအနက် ကျဆုံး/ကွယ်လွန်သွားကြတဲ့ သူငယ်ချင်းတွေကို ရည်စူးပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလ(၂)ရက်နေ့(စနေနေ့) နံနက် (၀၉၀၀) နာရီ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ စမတောင်မိဘမဲ့ကလေးများကျောင်းမှာ အလှူငွေနဲ့ ပစ္စည်းတွေ လှူကြမယ်။

ပြီးရင် ဒို့ကျောင်းဆင်းညီနောင်တွေရဲ့ (၁၅)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ တွေ့ဆုံပွဲကို အဲဒီနေ့ညနေ (၁၈၀၀)နာရီ နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ်မှာ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့အတူ ဆုံကြမယ်။

အမှတ်တရဖြစ်အောင် စီစဉ်ထားတဲ့အတွက် သူငယ်ချင်းတွေအားလုံးကို တက်ရောက်ပေးဖို့ ဖိတ်ကြားပါတယ်။

ဆက်သွယ်ရန်- (နေပြည်တော်)	**ဇော်မင်း**	**ဖုန်း-၀၉၄၂၀၇၂၁၇၇၁**
	ညွန့်ဝင်းနိုင်	**ဖုန်း-၀၉၈၃၀၂၉၄၃၊**
	॥	**ဖုန်း-၀၉၄၂၁၇၃၀၈၈၈**
(ရန်ကုန်)	**ကျော်စိုးမင်း**	**ဖုန်း-၀၉၅၁၅၉၇၇၀**
	ကျော်လင်းထွေး	**ဖုန်း-၀၉၄၃၁၃၈၆၈၆**
	ဥက္ကာကို	**ဖုန်း-၀၉၄၃၀၇၉၂၉၁**

မန္တလေးစက်မှုဇုန်မှလုပ်ငန်းအချို့ အလုပ်အကိုင်အသစ်သို့ပြောင်းရွှေ့လုပ်ကိုင်

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးမြို့တွင် မြို့ပြစီမံကိန်းများအရ မြို့တွင်း၌လုပ်ကိုင်လျက်ရှိသော စက်မှုလုပ်ငန်းများကိုစုပေါင်း၍ မြို့ပြင်တွင် စက်မှုဇုန်အဖြစ်တည်ဆောက်လုပ်ကိုင်စေခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ရှိခဲ့ပေပြီ။ မန္တလေးစက်မှုဇုန်သည် တိုးတက်ပြောင်းလဲလာသော စီးပွားရေးစနစ်အရ နှစ်ကာလအချိန်ကြာမြင့်စွာအရှိန်အဟုန်ဖြင့်အောင်မြင်စွာ ရပ်တည်လုပ်ကိုင်နိုင်ခဲ့သည်။ နိုင်ငံတော်မှပြုပြင်ပြောင်းလဲသတ်မှတ်ပေးခဲ့သော စီးပွားရေးမူဝါဒများဖြင့် ဇုန်အတွင်း မော်တော်ကားထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းများလည်းအရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့ရသည်။

ထိုအချိန်အခါက စက်မှုဇုန်ထုတ် မော်တော်ကား အမျိုးမျိုးတို့သည် မြန်မာတစ်နိုင်ငံလုံး လူကြိုက်များကာ တောရောမြို့ပါမကျန် တွင်တွင်ကျယ်ကျယ်သုံးစွဲခဲ့ကြသည်။ မော်တော်ကားထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းများနှင့်အတူ အပိုပစ္စည်းထုတ်လုပ်ပြုပြင်ရောင်းချသော ဆိုင်လေးများသည်လည်း အများအပြားပေါ်ပေါက်လာကာ စီးပွားရေးအရ တွက်ခြေကိုက်ခဲ့ကြရသည်။ ရှေ့မီးခွက်၊ နောက်မီးခွက်၊ ရှဲအမျိုးမျိုးစသည်တို့မှ ကားဘော်ဒီသံပြားရိုက်သည်အထိ စက်မှုဇုန်တစ်ခုလုံး ဆူဆူညံညံဖြင့် နေ့မအား၊ ညမနား လုပ်ကိုင်ခဲ့ကြရသည်။

သို့သော်မကြာသေးမီက ကားဟောင်းများအပ်နှံ၍ နိုင်ငံခြားမှ တင်သွင်းလာသောကားအသစ်အများအပြားဝင်ရောက်လာမှုကြောင့် စက်မှုဇုန်များတွင် အလုပ်အကိုင် အခွင့်အလမ်းများ မှေးမှိန်လာခဲ့ရပြီး လုပ်ငန်းပြောင်းရွှေ့ လုပ်ကိုင်လာရကြောင်း လုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သည့် စတီးအိမ်ထောင်ပရိဘောဂအမျိုးမျိုးတို့သည် တရုတ်ပြည်မှ တင်သွင်းလာသော ဖိုက်ဘာပစ္စည်းများနှင့် နှိုင်းစာသော်ဈေးအနည်းငယ်ပိုသော်လည်း ခိုင်ခံ့လှပမှုရှိခြင်းကြောင့် ဝယ်ယူသုံးစွဲသူ များပြားလျက်ရှိကြောင်း သိရသည်။

(သက်နိုင်-ပြင်ဦးလွင်)

နေပြည်တော် ပျဉ်းမနားမြို့နယ် ယုဇနဈေးတာဝန်ခံ ဦးသိန်းဝင်းနိုင်နှင့် ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ ဈေးသားများစုပေါင်း၍ ဝါတွင်းဆွမ်းလောင်းအောင်ပွဲအဖြစ် အောက်တိုဘာ ၁၆ ရက်နံနက် ၅ နာရီက သံဃာအပါး ၂၂၅ ပါးအား ဆွမ်း၊သက်န်း၊ ဆေး၊ သံဃာအသုံးအဆောင်နှင့်နိပါတ်တော်ပိဋကတ်ကျမ်းစာများ လှူဒါန်းစဉ်။

ကိုကိုနေ(ပျဉ်းမနား)

(၃၅) ကြိမ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ဖောင်မျှောပူဇော်

တပ်ကုန်း အောက်တိုဘာ ၂၅

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ၌ (၃၇)ကြိမ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော် ဖောင်မျှောပူဇော်ပွဲကို အောက်တိုဘာ ၂၃ ၇က် မွန်းလွဲ ၂ နာရီတွင် မုံချောင်းနှင့်နဝင်းချောင်းဆုံဆင်းသော ရှောက်ကုန်းကျေးရွာ ရွာထိပ်မှစတင်ကာ ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို အတီးအမှုတ်၊ အကအခုံများဖြင့် ကျေးရွာသူ ကျေးရွာသားများက တပျော်တပါးကုသိုလ်ယူပင့်ဆောင်၍ ဖောင်မျှောပူဇော်ခဲ့ကြသည်။

"ဖောင်မျှော ပူဇော်ရခြင်းမှာ ချောင်းနံဘေးရှိ ကျေးရွာများမှ ရွာသူရွာသားများ ရေများချိန် ချောင်းကူးဖြတ်ရာတွင်ရေဘေးအန္တရာယ်များ ကင်းဝေးစေရန် ဖြစ်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးဦးကြည်လွင်စိုးက ပြောပြသည်။ ဖောင်မျှောပူဇော်ပွဲတွင် ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ကို မန္တလေးမြို့နေ ဦးခင်မောင်စိုး- ဒေါ်ကြည်ကြည် မိသားစုတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။

(တင်စိုးလွင်-တပ်ကုန်း)

အစိုးရ/လူမှုရေးကြော်ငြာ

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က)အမှတ်စဉ် -၄ / ၂၀၁၃ (၁၁-၁၁-၂၀၁၃)မှ (၁၈-၁၁-၂၀၁၃)ထိ
၂။ သင်တန်းကြေး(၃၅၀၀၀)ကျပ်၊ အဆောင်ကြေး (၃၅၀၀)ကျပ်
၃။ သင်ကြားပို့ချမည့် ဘာသာရပ်များ
(က) မှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း

တိုင်းဦးစီးမှူးရုံး
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၈၂၂၀၀၊ ၀၉-၇၃၁၀၁၉၉၃၊ ၀၉-၃၁၇၉၆၅၈၃
လမ်းညွှန်-မင်္ဂလာဒုံကားစီး၍ အေဝမ်းမှတ်တိုင်တွင်ဆင်းပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

Tel-067-414184, 067-414223

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲ ရောင်းချပွဲကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်မှ ၂၂ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင်ရောင်းချပါမည်။

၂။ နိုင်ငံသားမည်သူမဆိုတက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက် (ဗုဒ္ဓဟူးနေ့)
၉း၀၀-၁၆း၀၀နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။
၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ၂၁ရက် (ကြာသပတေးနေ့)
၉း၀၀-၁၆း၀၀နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၆း၀၀နာရီ — တင်ဒါအမှတ်(၁)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ — တင်ဒါအမှတ်(၁)ကြေညာခြင်း။
၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက် (သောကြာနေ့)
၉း၀၀-၁၆း၀၀နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၂း၀၀နာရီ — တင်ဒါအမှတ်(၂)ပိတ်သိမ်းခြင်း။
၁၃း၀၀နာရီ — တင်ဒါအမှတ်(၂)ကြေညာခြင်း။
၁၆း၀၀နာရီ — တင်ဒါအမှတ်(၃)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ — တင်ဒါအမှတ်(၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံများဆောက်လုပ်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	အမှတ်(၈၄)၊ စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ၊ (၁)ထပ် အုတ်ညှပ်တစ်လုံး
(ခ)	အမှတ်(၄၇)၊ စက်မှုလယ်ယာစခန်း လယ်ဝေးမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ်အုတ်ညှပ်တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ဗိသုကာလုပ်ပုံစံများကို ၂၃-၁၀-၂၀၁၃ရက်မှစ၍ နေပြည်တော်တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ၊ နေပြည်တော်စက်မှုလယ်ယာရုံး၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့သို့ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စက်မှုလယ်ယာရုံး ဖုန်း ၀၆၇-၂၄၃၇၀၊ ၂၄၃၉၀၊ ဦးကျော်စိုး ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၉၄၂၆၃ နှင့် ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင် ဖုန်း-၀၉-၈၆၀၁၉၆၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

The Association of Business Executives (ABC-UK)၏ အသိအမှတ်ပြု College တစ်ခုဖြစ်သော EVER UP Human Resources Instituteမှ Level(6)Corporate Finance ဘာသာရပ်ဖြင့် 2013,ABC UK, June Exam တွင် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အဖြစ် ရရှိခဲ့သော ဦးဝင်းကိုကို (ဘဏ္ဍာရေးဝန်ကြီး) ဧရာဝတီတိုင်းဒေသကြီး-ဒေါ်သင်းသင်းဌေးတို့၏ သမီးလေး၊ ဒေါက်တာခင်မြတ်ဆွေ၏ ညီမလေး၊ မရီမာအောင် (Third Secretary, MOFA)အောင်မြင်မှုအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မြောင်းမြ ဒေါ်ချိုမုန့်ဟင်းခါး မိသားစု (ရန်ကုန်)

ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

The Association of Business Executives (ABC-UK)၏ အသိအမှတ်ပြု College တစ်ခုဖြစ်သော EVER UP Human Resources Instituteမှ Level(6)Corporate Finance ဘာသာရပ်ဖြင့် 2013,ABC UK, June Examတွင် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်အဖြစ်ရရှိခဲ့သော ဦးဝင်းကိုကို (ဘဏ္ဍာရေးဝန်ကြီး) ဧရာဝတီတိုင်းဒေသကြီး-ဒေါ်သင်းသင်းဌေးတို့၏ သမီးလေး၊ ဒေါက်တာ ခင်မြတ်ဆွေ၏ ညီမလေး၊ မရီမာအောင် (Third Secretary, MOFA) အောင်မြင်မှုအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မြောင်းမြ မြို့နယ်အသင်း(ရန်ကုန်)

မြန်မာစာလုံးပေါင်းသတ်ပုံများ မှန်ကန်ကြစေဖို့

မလှသိန်း

သူငယ်ချင်းရေ - - - -

မြန်မာစာလုံးပေါင်းသတ်ပုံနဲ့ ပတ်သက်ပြီး စာနယ်ဇင်းတွေမှာ အခုတစ်လော တော်တော်လေး ရေးသားလာကြတာကို တွေ့နေရတယ်နော်။

ဒါကြောင့် တို့ကလည်း မြန်မာစာလုံးပေါင်းသတ်ပုံ လွဲမှားနေကြတာတွေနဲ့ ပတ်သက်ပြီး ရေးချင်စိတ်ပေါ်လာတယ်သူငယ်ချင်းရယ်။

မြန်မာစာလုံးပေါင်းသတ်ပုံနဲ့ပတ်သက်ပြီး အမှားအများဆုံးရေးသားနေကြတဲ့ စာလုံးပေါင်းကတော့ "လျက်"ပါ။ "ဆောင်ရွက်လျက်ရှိသည်"၊ "ထန်းလျက်"နှင့် "လျက်ဆား" ဆိုတဲ့ စာလုံးပေါင်းတွေကို "ဆောင်ရွက်လျှက်ရှိသည်။ "ထန်းလျှက်"နှင့် "လျှက်ဆား" ဆိုပြီး ရေးနေကြတာတွေကို တွေ့နေရတယ်။ အထူးသဖြင့် ကြော်ငြာတွေမှာပေါ့။ "လျက်"မှာ ဟထိုးမပါဘူး။ "လျက်" သာ အမှန်ပါသူငယ်ချင်းရယ်။

အသုံးလည်းများပြီး အများကလည်းမှားရေးနေကြတာကတော့ "တန်ဖိုး" ဆိုတဲ့ စာလုံးပေါင်းပါ။ "တန်ဖိုး" ကို "တန်ဘိုး" လို့ ရေးနေကြတယ်သူငယ်ချင်းရယ်။

"မီ"ဆိုတာ အချိန်မီ၊ စံချိန်မီ၊ မသွားမီ၊ မလာမီ၊ ခေတ်မီစသည့် အသုံးအနှုန်းတွေဖြစ်ပြီး "မှီ" ကတော့ မှီငြမ်းသည်။ မှီကပ်သည်၊ တိုင်ကိုမှီသည်၊ မှီအုံး စသည် တို့ဖြစ်တယ်။ သို့သော်လည်း ကြော်ငြာတွေမှာ နိုင်ငံခြားစံချိန်မှီသည်၊ ဂျပန်စံချိန်မှီသည်ဆိုပြီး လွဲမှားစွာ ရေးနေကြတာ တွေ့နေရတယ်သူငယ်ချင်း။ ဒီလိုရေးလိုက်လျှင် နိုင်ငံခြား၏ စံချိန်စံညွှန်း၊ ဂျပန်၏ စံချိန်စံညွှန်းများကို မှီငြမ်းတယ်လို့ အဓိပ္ပာယ်သက်ရောက်သွားမှာပေါ့။

"ဖူး"နှင့် ပတ်သက်ပြီး ကနောင်ဂျာနယ်မှာ လွန်ခဲ့တဲ့သုံးနှစ်လောက်က "ဖူး"နေလိုက်ကြတာ၊ "ဆောင်းပါးကို တို့ရေးခဲ့ဖူးတယ်။ "ဖူး"ဆိုတာကလေးတွေ "ဖူးမှုတ်သည်" ဆိုသည့် စာလုံးပေါင်းတစ်မျိုးတည်းသာ ရှိပါတယ်။ "ဘူး"ဆိုတာ ထည့်စရာဘူး၊ (ရေဘူး၊ ဆေးဘူး၊ အအေးဘူး)၊ ဘူးပင်၊ ဘူးသီး၊ ဘူးရွက် စသည့် ဘူး၊ မသွားဘူး၊ မလာဘူး၊ မစားဘူးစသည့် ငြင်းဆိုသည့် "ဘူး" သာဖြစ်ပါတယ်။ သို့သော်လည်း ကြော်ငြာတွေမှာ ရေသန့်ဗူး၊ ဆေးဗူး၊ အအေးဗူးဆိုပြီး ဗူးနေလိုက်ကြတာ သူငယ်ချင်းရယ်။

နောက်ပြီး သွားဖူးသည်၊ လာဖူးသည်၊ စားဖူးသည် စသည့် "ဖူး" ကိုလည်း အသံထွက်အတိုင်း သွားဘူး သည်၊ လာဘူးသည်၊ စားဘူးသည်လို့ ရေးနေကြပြန်တယ်။ "ဘူး" မဟုတ်ဘူးနော်၊ "ဖူး" ပါသူငယ်ချင်း။

"ပဲ"ဆိုတာ ပဲပင်၊ ပဲသီး၊ ပဲအမျိုးမျိုးနှင့် လူပဲ၊ နတ်ပဲ စသည့် တစ်မျိုးတည်းသာလို့ ဖော်ပြသည့်အခါ သုံးတာပါ။ "ဘဲ"ကတော့ ဘဲကောင်၊ ဘဲဥ စသည့် ဘဲ၊ မသွားဘဲ၊ မလာဘဲ စသည့် မပြုလုပ်သည့်အခါသုံးသည့် "ဘဲ"ပါ။ "ပဲ"နှင့် "ဘဲ" ကိုလည်း ရောထွေးပြီး သုံးနေကြတယ်။

"ထုပ်"ဆိုတာ အထုပ်အပိုး၊ အထုပ်အထည်၊ ထုပ်ပိုးသည်၊ ထုပ်ဆီးတိုးသည် စသည့် စာလုံးပေါင်းတွေမှာ သုံးပြီး "ထုတ်" ဆိုတာ ထုတ်နုတ်သည်၊ ထုတ်ပယ်သည်၊ ထုတ်လုပ်သည်၊ ထုတ်ဖော်သည်၊ ထုတ်ပြန်ကြေညာ သည် စသည့် အသုံးအနှုန်းတွေမှာသုံးရတာပါ။

"လျှော့တယ်" ဆိုတာ မူလရှိတာထက် ပိုနည်းသွားအောင်လုပ်တာပါ။ လျှော့လိုက်တော့လျော့သွားတယ်။ (ဥပမာ-မူလရောင်းဈေး ၁၀၀ ကျပ်မှ ၉၀ ကျပ်သို့ လျှော့ရောင်းခြင်း) ပစ္စည်းအရေအတွက် ၁၀၀ ခုရှိမည့်အစား ၉၀ ခုရှိနေခြင်းက လျော့နေတာ။ "လျှော့"နှင့် "လျော့" ကိုလည်း တော်တော်လေးမှားရေးနေကြတယ်။ "လျော့ဈေးဖြင့် ရောင်းပေးနေတယ်" လို့ ကြော်ငြာနေတဲ့ အရောင်းဆိုင်တွေအများကြီးပါ။

သူငယ်ချင်းရေ နောက်ထပ် အမှားလေးတွေလည်းရှိသေးတယ်။ ကြော်ငြာနှင့် ကြေညာပါ။ တချို့က"ကြော်ညာ"၊ တချို့ကျပြန်တော့ "ကြေငြာ" လို့ ရေးနေကြတယ်။ ကြော်ငြာနှင့် ကြေညာသာအမှန်ပါ သူငယ်ချင်း။

စောတယ်ဆိုတဲ့ စာလုံးနှင့်ရောပြီး "ဆောလျင်စွာ" ကို "စောလျင်စွာ" လို့ရေးနေကြတယ်လေ။

မမှားသင့်ဘဲ မှားနေကြတဲ့စာလုံးပေါင်းကတော့ "စံပယ်ပန်း" ပါ။ စံပယ်ပန်းကို စပယ်ပန်း၊ စပါယ်ပန်း လို့ရေးနေကြပြီး တချို့က ကိုယ့်နာမည်ကိုတောင်မှ စပယ်ခိုင်၊ စပါယ်ဖြူစသည်ဖြင့် ရေးနေကြတာ စိတ်မကောင်းစွာတွေ့နေရပါတယ်။

အများကြိုက်ကြတဲ့ လက်ဖက်ရည်ကိုတောင်မှ လဘက်ရည်၊ လ္ဘက်ရည်၊ လဖက်ရည် လို့ရေးနေကြသည့်အပြင် လာဘ်ဖက်ရည်လို့ ရေးနေကြတဲ့လက်ဖက်ရည်ဆိုင်ကိုတောင် တွေ့နေရတယ်သူငယ်ချင်းရယ်။

ပုစွန်ဆိတ်ကိုလည်း ပုစွန်စိတ်လို့ ရေးနေကြတယ်လေ။

ရက်ကန်းစင်ကိုလည်း ရက္ကန်းစင်နှင့် ယက်ကန်းစင် လို့ရေးနေကြပြန်တယ်။

ရက်ကန်းစင်မှာသုံးတဲ့ ပစ္စည်းတစ်မျိုးရှိသေးတယ်။ "ယဉ်သွား" လို့ခေါ်တယ်။ ဒါကိုတချို့က ယာဉ်သွားလို့ရေးပြီး တချို့က "ယသွား"လို့ ရေးနေကြတယ်။

အခန်းကိုကာဆီးထားတာဖြစ်လို့ "ခန်းဆီး"လို့ ရေးရမယ်။ခန်းစီးလည်းမဟုတ်ဘူး၊ ခန်းစည်းလို့လည်း မရေးရပါဘူးကွယ်။

"စပေါ်ငွေ"ကိုလည်း အသံထွက်အတိုင်း"စဘော်ငွေ" လို့ ရေးနေကြတယ်လေ။

ဖိတ်ကြားစာတွေမှာ အချိန်ကိုဖော်ပြတဲ့အခါနေ့လယ် လို့ရေးရမည့်အစား နေ့လည်လို့ရေးနေကြတာကိုလည်း တွေ့နေရပါတယ်သူငယ်ချင်းရယ်။

ဒါကြောင့် စာလုံးပေါင်းသတ်ပုံတွေ မှန်ကန်ကြစေဖို့ သိတာလေးကို ရေးလိုက်ရတာပါသူငယ်ချင်းရယ်။

ကျမ်းကိုး-မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း

ငွေမချေးသဖြင့် လူသတ်ရန်အားထုတ်

မလှိုင် အောက်တိုဘာ ၂၅

မလှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ရပ်ကွက်ကြီး(၁) နယ်မြေအတွင်း ငွေမချေးသဖြင့် အငြိုးထား လူသတ်ရန် အားထုတ်မှုဖြစ်ပွားသည်ဟုသိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သောတစ်လခန့်က အမှတ်(၆) ရပ်ကွက် ရပ်ကွက်ကြီး(၁)နယ်မြေရှိ မ---- အသက် (၄၉)နှစ် နေအိမ်သို့တစ်ရပ်ကွက်တည်းနေသူ မန္တယ်(ခ) စန်းညွန့်နွယ်နှင့်အဖော်တစ်ဦးသည် ငွေကျပ် ၃၀၀၀၀၀ ချေးငှား ရန်ပြောခဲ့သည်။ မ----ကလည်း ငွေမရှိသေးသည့် အကြောင်းပြောခဲ့သဖြင့် မန္တယ်(ခ)စန်းညွန့်နွယ် နှင့်အဖော်တစ်ဦးသည် ကျေနပ်မှုမရှိဘဲပြန်သွားခဲ့သည်ဟုသိရသည်။

အခင်းဖြစ်မည့်နေ့ အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် မန္တယ်(ခ)စန်းညွန့်နွယ်သည် မ---နေအိမ်သို့လာရောက်ခဲ့ပြီး သမီးများပိုင်ဆိုင်သည့် လက်ဖက်ရည်ဆိုင်တွင် အလုပ်ရမလားဟု ပြောသဖြင့် မ----ကလည်း အလုပ်လုပ်မည်ဆိုလျှင် ကြိုတင်ငွေထုတ်ပေးမည်ဟုပြောခဲ့သည်။ မန္တယ်(ခ)မစန်းညွန့်နွယ်က မိမိ၏မိဘများအား လိုက်၍ပြောကြားပေးရန် ခေါ်သွားသဖြင့် ၎င်း၏နေအိမ်သို့ လိုက်သွားပြီး အိမ်ရှေ့ခန်း၌ထိုင်နေစဉ် မ----အားအိမ်ခန်းအတွင်း သို့ခေါ်သွားပြီး ရွှေဟုယူဆရသောပစ္စည်းဘူးအား ကြည့်ရန်ပြသဖြင့် အာရုံစူးစိုက် ကြည့်နေစဉ် မန္တယ်(ခ) စန်းညွန့်နွယ်မှ အရှည်သုံးတောင်ကျော်ခန့်ရှိသော အဝါရောင်ပလတ်စတစ်ကြိုးဖြင့် လည်ပင်းအားပတ်ခဲ့ပြီး သေစေရန်ကြံစည်အားထုတ်ခဲ့သဖြင့် မလှိုင်မြို့မရဲစခန်းသို့တိုင်ကြားခဲ့ရာ ရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၁၃)

အစိုးရ/စီးပွားရေးကြော်ငြာ

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
၂၀၁၃-၂၀၁၄ပညာသင်နှစ် ဘွဲ့လွန်ဒီပလိုမာ (၁)နှစ်သင်တန်းများအတွက်
သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ၂၀၁၃-၂၀၁၄ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာ(၁)နှစ်သင်တန်းများအား ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

(က) သင်တန်းအမည်
- (၁) ဘွဲ့လွန်အနုပညာဒီပလိုမာ (ဂီတ) (ရန်ကုန်၊ မန္တလေး)
- (၂) ဘွဲ့လွန်အနုပညာဒီပလိုမာ (သဘင်) (ရန်ကုန်၊ မန္တလေး)
- (၃) ဘွဲ့လွန်အနုပညာဒီပလိုမာ (ပန်းချီ) (ရန်ကုန်၊ မန္တလေး)
- (၄) ဘွဲ့လွန်အနုပညာဒီပလိုမာ (ပန်းပု) (ရန်ကုန်၊ မန္တလေး)
- (၅) ဘွဲ့လွန်အနုပညာဒီပလိုမာ (ပန်းထိမ်) (ရန်ကုန်၊ မန္တလေး)
- (၆) ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ (ပြည်မြို့)
- (၇) ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ (ရန်ကုန်)
- (၈) ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ (ရန်ကုန်)

(ခ) သင်တန်းကာလ - (၁)နှစ်

(ဂ) သင်တန်းအချိန် - နံနက် ၉း၀၀နာရီမှ ညနေ ၄း၃၀နာရီထိ

(ဃ) ပညာအရည်အချင်း - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(င) စတင်ဖွင့်လှစ်မည့်ရက်
- အမှတ်စဉ် (၁)မှ (၅)အထိ (၁-၁၁-၂၀၁၃)
- အမှတ်စဉ် (၇) (၂၈-၁၁-၂၀၁၃)
- အမှတ်စဉ် (၆၊ ၈) (၁၄-၁၁-၂၀၁၃)

(စ) လျှောက်လွှာပိတ်ရက်
- အမှတ်စဉ် (၁)မှ (၅)အထိ (၁-၁၁-၂၀၁၃)
- အမှတ်စဉ် (၇) (၂၅-၁၁-၂၀၁၃)
